ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့ (29-11-2013) (၇၆၇၉)

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးပထမနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ စတင်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလာ ဘိဝံသက ဆောင်ရွက်တော်မူသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အယ်လ်ဘေးနီးယား လွတ်မြောက်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာဘူဂျာနီရှနီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဒ်ဒီ ရာမာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**




# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့်ကြိုတင်လေ့ကျင့်ပြင်ဆင်မှု ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၈

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့်ကြိုတင်လေ့ကျင့်ပြင်ဆင်မှုကို ယနေ့ ညပိုင်းတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်ကြည့်ရှုအားပေးသည်။(အပေါ်ပုံ)

စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆

**ယနေ့ မာတိကာ**

ပျူငှာယဉ်ကျေး ဆက်ဆံရေး
စာမျက်နှာ - ၂

မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားအားလုံးအတွက် အာမခံထားပေး
စာမျက်နှာ - ၃

**ကြော်ငြာစာမျက်နှာအပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပို(၁၂)မျက်နှာ ပါရှိပါသည်။

# ပူရိယကျွဲပုလောမြေသယံဇာတ ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက်သတ္တုများ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများ အထူးစိတ်ဝင်စား

**ရန်ကုန် နိုဝင်ဘာ ၂၈**

မြန်မာပြည်တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးသည် ရိုးမနှင့် ပင်လယ်တံခါးဝအဖြစ် တည်ရှိပြီး အန်တမန်ပင်လယ်၏ မျက်စိမြို့ဟုခေါ်ဆိုနိုင်သော ပုလောမြို့သည် တောင်ကုန်း တောင်တန်းများပေါ်တွင် တည်ရှိ၍ အလွန်ပန်ရသော မြို့တစ်မြို့ဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းကို မေးတင်ထားသောမြို့ဖြစ်သဖြင့် သားငါး၊ ပုစွန်မျိုးစုံထွက်ရှိမှုနှင့်အတူ တောင်တန်းရိုးမပေါ် သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းများ ပေါကြွယ်ဝရာ နေရာဒေသတစ်ခုလည်း ဖြစ်သည်။

ပလောက်ရေနက်ဆိပ်ကမ်း စီမံကိန်းပေါ်ထွန်းရေး၊ တည်ဆောက်ရေးအတွက် ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ဥရောပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများ အထူးစိတ်ဝင်စားလျက် သုတေသနပြုလုပ်ခြင်း၊ လေ့လာစမ်းသပ်တိုင်းထွာခြင်းလုပ်ငန်းများကို အများဆုံး လုပ်ကိုင်ဆောင်ရွက်နေသော မြို့တစ်မြို့ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၏ ပုလောမြို့သည် ရန်ကုန်မြို့ကိုဗဟိုပြု၍ ရန်ကုန်-မြိတ်- ကော့သောင်း အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိခြင်းကြောင့် ရန်ကုန်မြို့မှ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းခရီးစဉ်များဖြင့် နေ့ညမရွေးသွားလာနိုင်သော မြို့လည်းဖြစ်သည်။ **စာမျက်နှာ ၈ကော်လံ ၁သို့ ❍**





**ကြေးမုံ စာတည်းရှုထောင့်** ၂၉-၁၁-၂၀၁၃၊ သောကြာနေ့

# ပျူငှာယဉ်ကျေး ဆက်ဆံရေး

ယနေ့အချိန်အခါသည် ပွင့်လင်းမြင်သာမှုနှင့်အတူ ခေတ်သစ် စနစ်သစ်သို့ ကူးပြောင်းရောက်ရှိနေသည့် အချိန်ကာလလည်းဖြစ်သဖြင့် ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုလမ်းစပေါ်သို့ ရောက်ရှိလျှောက်လှမ်းနေပြီ ဖြစ်သည်။ ထို့ပြင် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စနစ်အရ ဟိုတယ်အဆင့်မြင့်မားလာမှုနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်များ၊ ပြည်တွင်းလုပ်ငန်းရှင်များ၏ ဟိုတယ်အသစ်များ တည်ဆောက်လာမှုတို့ကြောင့် မြန်မာ့ခရီးသွားလုပ်ငန်းသည်လည်း အရှိန်ပြင်းစွာမောင်းနှင်နေပြီဖြစ်သည်။ ယခုကဲ့သို့ အစဉ်အလာကောင်းနေသည့် မြန်မာ့ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံသားအားလုံးက ယဉ်ကျေးချိုသာစွာ ဆက်ဆံခြင်းဖြင့် “အိမ်သာ၍ ဧည့်လာ”ဆိုသကဲ့သို့ မိမိတို့နေထိုင်ရာအိမ်ကြီးကို သာယာလှပစေရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့်အဖြစ်မျိုး မဖြစ်ပေါ်စေရေးအတွက် လူတစ်ဦးချင်းစီ၏ အသိစိတ်ဓာတ်များဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရပေမည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းတားဆီးသွားကြရမည်ဖြစ်သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ဆတက်တိုး၍ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် နိုင်ငံ့ဂုဏ်ဆောင်ကာ အဆင့်မြင့်မြင့်လက်ခံကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းပြင်ဆင်နေကြပြီ ဖြစ်သည်။ ထို့ပြင် ၂၀၁၄ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်နိုင်ရေးကိုလည်း စွမ်းအားပြည့်ပြင်ဆင်နေကြပြီ ဖြစ်သည်။ ယခုကဲ့သို့အချိန်အခါတွင် ရရှိထားသည့် အခွင့်အရေး၊ ရပိုင်ခွင့်များကို လက်လွတ်မခံဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များကို ထုတ်ဖော်ပြသရင်း နိုင်ငံခြားသားဧည့်သည်များကို ဆွဲဆောင်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုထွန်းကားသည့် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြမည့် နိုင်ငံခြားသားခရီးသွားများသာမက ရင်းနှီးမြှုပ်နှံလာကြသည့် လုပ်ငန်းရှင်များ များပြားလာသဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးအပိုင်းသည်လည်း ကျယ်ပြန့်လာရာ နိုင်ငံသား ဈေးရောင်းဈေးဝယ်များ၊ ယာဉ်မောင်းများ၊ ဝန်ထမ်းများ စသည့်နယ်ပယ်စုံတွင် ဘာသာစကားသုံးစွဲမှု တတ်ကျွမ်းစွာ ပြောဆိုနားလည်စေရန် လိုအပ်လာသည်။ ဘာသာစကားတတ်ကျွမ်းနားလည်ရုံမျှမက စကားပြောဆိုဆက်ဆံရာတွင်လည်း ချိုသာယဉ်ကျေးသော စကားကို ပြောဆိုရန် အရေးကြီးလှပေသည်။

ခရီးသွားလုပ်ငန်းသည် လူသားကို အခြေခံသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေရာ လာရောက်လည်ပတ်ကြမည့် ဧည့်သည်များအား ဝန်ဆောင်မှုကောင်းကောင်းဖြင့် ၎င်းတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးနှင့် နေထိုင်သွားလာ စားသောက်မှုမှအစ အဆင်ပြေစိတ်ချမ်းမြေ့စွာ လာရောက်လည်ပတ်နိုင်စေရန် မြန်မာနိုင်ငံသားများပီပီ ယဉ်ကျေးပျူငှာစွာ ဧည့်ဝတ်ပြုကြရပေမည်။ နိုင်ငံအတွင်း နိုင်ငံခြားသားဝင်ရောက်မှုများလေ နိုင်ငံဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလေဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ဘဝများမြင့်မားတိုးတက်မှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်သကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှသာလျှင် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်မည်ဖြစ်ပါသည်။

ယခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည်လာရောက်မှု အများဆုံးဖြစ်မည့် ခရီးသွားရာသီနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကာလနှင့် တိုက်ဆိုင်လျက်ရှိရာ ကြိုတင်ပြင်ဆင်မှုများအဖြစ် ဧည့်ကြိုဝန်ဆောင်မှုလုပ်ငန်း လုံလောက်မှုရှိရေး၊ တည်းခိုနေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ အသက်အိုးအိမ်လုံခြုံမှုရှိရေးစသည့် အခြေခံလိုအပ်ချက်များကို အားလုံးဝိုင်းဝန်း လုပ်ဆောင်သွားကြရမည်။ အဓိကအရေးပါလှသည့် မြန်မာလူမျိုးတို့၏ ရိုးသားဖြောင့်မတ်သော၊ သနားကြင်နာတတ်သော၊ ရိုင်းပင်းကူညီတတ်သော စိတ်ဓာတ်များကိုအခြေခံ၍ နိုင်ငံခြားသားခရီးသွားများကို ပျူငှာယဉ်ကျေးဆက်ဆံခြင်းဖြင့် မြန်မာ့ဂုဏ်သိက္ခာနှင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။ ။

## တောင်တွင်းကြီး၌ ကောက်ကြီးစပါးများ လှိုင်လှိုင်ပေါ် ကောက်ညှင်းငချိပ်နှင့်စပါး ဈေးကောင်းရောင်းရ

**တောင်တွင်းကြီး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးရွာများ၌ ယခုအခါ ကောက်ကြီးစပါးများကို တောင်သူများ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး တလင်းပျောက်စနစ်ဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့၍ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

မနောသုခ၊ ပွင့်ဖြူသုခ၊ သုခပင်ရှည်၊ သုခထွန်းစပါးများမှာ တစ်တင်းလျှင် ကျပ် ၃၅၀၀၊ ကောက်ညှင်းအဖြူတစ်တင်းလျှင် ကျပ် ၅၀၀၀၊ ကောက်ညှင်းငချိပ်တစ်တင်းလျှင် ငွေကျပ် ၅၇၀၀ အထိ ရောင်းချရကြောင်း ပျဉ်းမကျေးရွာမှ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ မိုးစပါးများကို ရောင်းချပြီး ဆောင်းသီးနှံများဖြစ်သည့် မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး စသည့် မျိုးစေ့များ ဝယ်ယူရကြောင်း ပျဉ်းမကျေးရွာမှ ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ **(၅၈၀)**

## ရင်သွေးငယ်များ ကာယစွမ်းရည်ပြိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ၏ ကျောင်းတွင်း ကာယစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည်။

ရင်သွေးငယ်များ၏ ကာယ၊ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေး၊ စိတ်လှုပ်ရှားမှု၊ ဖွံ့ဖြိုးမှုအစရှိသော ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်သည် ကလေးများ၏ မိမိကိုယ်ကိုမိမိ ယုံကြည်မှုသည် ရှေးဦးကလေးဘဝမှာ အလွန်အရေးကြီးသကဲ့သို့ ကလေးများ၏ ဆောင်ရွက်မှုတိုင်းသည်လည်း ကလေး၏ဘဝတစ်လျှောက်လုံး တန်ဖိုးထားနေမှာဖြစ်သည့်အတွက် ကလေးတိုင်း ပါဝင်နိုင်မှုကိုသာ အလေးထားဆောင်ရွက်ပြီး ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အနိုင်၊အရှုံးကို ပဓာနမထားဘဲ ယှဉ်ပြိုင်ခြင်းသာ အဓိကဆိုသည့် စကားအတိုင်း ရင်သွေးငယ်လေးများ၏ ယှဉ်ပြိုင်လိုစိတ်ကိုသာ အဓိကထားပျိုးထောင်ပေးဖို့ လိုအပ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်က ပြောကြားသည်။

**(သန်းနိုင်-ဇမ္ဗူသီရိ)**





| ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း | နိုဝင်ဘာ ၂၈ |
|---|---|
| ရန်ကုန် ရွှေဈေး | ၆၆၂၈၀၀ -၆၆၃၈၀၀ |
| မန္တလေး ရွှေဈေး | ၆၆၂၃၀၀ -၆၆၃၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၃၂. ၃ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၂. ၄၇ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၁၈ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၅၄ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၅၁ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၀၁ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၆၂. ၇၉ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၃၉၇ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၅. ၅၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ တိုးတက်သည်၊ မတိုးတက်သည်ကို သေသေချာချာစိစစ်ရန်လိုအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သမ္မောဒနီယ သာရဏီယသြဝါဒကထာ**

**[၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၃-ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ ကြာသပတေးနေ့]**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်ဘုရားများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြ၍ သက်တော်ရာကျော် ရှည်တော်မူကြလျက် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော သာသနာတော်မြတ်ကြီး၏ အရေးသုံးပါးကို ကိုယ်အားဉာဏ်အားရှိသမျှ လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူကြ၍ ရဟန်းတော်တိုင်း၏တာဝန်ဖြစ်သော ဓုရနှစ်ရပ်ကိုလည်း မလစ်လပ်အောင် ထမ်းဆောင်ဖြည့်ကျင့်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသပတ္ထနာဖြင့် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ကျောင်းတိုက်ကိစ္စသော ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို လျစ်လျူရှုကြ၍ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသဖြင့်လည်း အလွန်ကြည်လင်ရွှင်ပျဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ ယခုလို လေးလတစ်ကြိမ် အညီအညွတ် စည်းဝေးတော်မူကြ၍ သံဃာ့ကိစ္စဖြစ်သည့် သာသနာတော်အရေးသုံးပါးကို ဆောင်ရွက်တော်မူနေကြခြင်းသည်-

"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ"

(ဒီ၊ ၂၊ ၆၅)ဟူသော ဗုဒ္ဓမိန့်မှာ ဒေသနာတော်ကို အလေးဂရုပြုကာ ရဟန်းတော်များအတွက် (သာသနာတော်မြတ်အတွက်)တိုးတက်ကြီးပွားစေရန်၊ မဆုတ်ယုတ်မလျော့ပါး၊ မပျက်ပြားစေရန် လိုက်နာကျင့်သုံးနေကြခြင်းဖြစ်သည်ကို ဆင်ခြင်စဉ်းစားနှလုံးထားလျက် အားတက်ဝမ်းမြောက်မိပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်(၃)ရပ်ဖြင့် သာသနာတော်ကိစ္စအဝဝတို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ်သက်တမ်းမှသည် ဆဋ္ဌအကြိမ်သက်တမ်းကိုပင်ကျော်လွန်၍ သတ္တမအကြိမ်သက်တမ်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပါပြီဘုရား။

ဤမျှလောက် ကာလတိုင်အောင်ဆောင်ရွက်ခဲ့ကြရာ၌ တပည့်တော်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများ မည်မျှလောက် အောင်မြင်တိုးတက်သည်၊ မအောင်မြင်မတိုးတက်သည်ကိုလည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့အပေါ်၌ သံဃာထုနှင့်ပြည်သူလူထု၏ ယုံကြည်ကိုးစားအားထားမှုများ တိုးတက်လာသည်(သို့မဟုတ်)ဆုတ်ယုတ်လာသည်ကိုလည်းကောင်း၊ သေသေချာချာလေ့လာစိစစ်ရန် လိုအပ်လာပြီဟု ထင်မြင်ပါသည်ဘုရား။

ယင်းသို့ လေ့လာစိစစ်သည့်အခါ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများ အောင်မြင်တိုးတက်မှုမရှိဟု တွေ့မြင်ရလျှင် အောင်မြင်တိုးတက်မှုရှိစေရန် နည်းလမ်းရှာဖွေ၍ ပြုပြင်ဆောင်ရွက်သင့်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အပေါ်၌ သံဃာထုနှင့် ပြည်သူလူထုတို့၏ ယုံကြည်ကိုးစားအားထားယုံကြည်မှု ဆုတ်ယုတ်လျော့ပါးလာသည်ကို တွေ့မြင်လျှင်လည်း ဆုတ်ယုတ်လျော့ပါးရခြင်း၏ အကြောင်းရင်းဖြစ်သည့် ပျော့ကွက်ဟာကွက် ချို့ယွင်းချက်များကို ရှာဖွေစိစစ်၍ အချိန်မီပြုပြင်ရန် လိုအပ်ပါသည်ဘုရား။

ဤသို့ပြုပြင်ရာဝယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှစ၍ ပြုပြင်သင့်ပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မြန်မာနိုင်ငံတွင် အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးဖြစ်ပါသည်။ အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက မိမိတို့အဖွဲ့အစည်းကြီးကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ကိုလည်းကောင်း မထောက်မညာလေ့လာစိစစ်သင့်ပါသည်ဘုရား။ ဆရာတော်အရှင်မြတ်တို့ဘုရား တပည့်တော်တို့သည်

(၁) သီတင်းသုံးဖော်တို့ ချစ်ခင်နှစ်လိုကြည်ညိုထိုက်သော ပိယဂုဏ်၊
(၂) သီတင်းသုံးဖော်တို့ ရိုသေလေးစားထိုက်သော ဂရုဂုဏ်၊
(၃) "ဤအရှင်သည် မချွတ်ဧကန်သိသင့်သိထိုက်သည်ကို သိတတ်၊ မြင်သင့်မြင်ထိုက်သည်ကို မြင်တတ်ပါပေသည်"ဟု ချီးမွမ်းထိုက်သော ဘာဝနီယဂုဏ်၊
(၄) ကျွမ်းကျင်လိမ္မာပါးနပ်စွာပြောဆိုတတ်သော ဝတ္တာဂုဏ်၊
(၅) ပညာရှိများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမသြဝါဒကို လိုက်နာပြုကျင့်နိုင်သည့် ဝစနက္ခမဂုဏ်၊
(၆) သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်နိဗ္ဗာန်နှင့် စပ်သော စကားကို ပြောဆိုတတ်သောဂုဏ်ကို ဂမ္ဘီရကထာကတ္တာဂုဏ်ဟု အဋ္ဌကထာဖွင့်ပါသည်။ သံဃနာယကအဖွဲ့များ၏ လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုများကိုလည်း သင့်လျော်သောအားဖြင့် သွင်းယူသင့်ပါသည်။ သို့ဖြစ်ပါ၍ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှု ဟူသမျှသည် နိုင်ငံတော်သံဃမဟာနာယကဟူသော အဆင့်အတန်းနှင့် လျော်ညီအောင် နက်နဲလေးနက်မှုရှိဖို့ အထူးလိုအပ်ပါသည်။ ဤသို့သော ဂမ္ဘီရကထာ ကတ္တာဂုဏ်၊
(၇) အောက်သံဃာ့အဖွဲ့အစည်းနှင့် ဥပတ္ထမ္ဘကများ၊ နိုင်ငံတော်အစိုးရနှင့်တကွ ရဟန်းရှင်လူပြည်သူအားလုံးတို့ကို စေခိုင်းတိုက်တွန်းရန် အရာဌာနမဟုတ်သည့် အကျိုးမဲ့လုပ်ငန်းကိစ္စများ၌ မစေခိုင်း၊ မတိုက်တွန်းတတ်သော အဋ္ဌာနအနိယောဇနဂုဏ်ဟူသော ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံ မပြည့်စုံကို စိစစ်သင့်ပါသည်။

ဤသို့ မိမိကိုယ်ကို မိမိတို့ မထောက်မညှာ လေ့လာစိစစ်၍ မိမိတို့၏ ပျော့ကွက်ဟာကွက်များ တွေ့ရှိခဲ့ပါလျှင် အချိန်မီပြင်ဆင်ရန် ဝန်မလေးသင့်ကြပါဘုရား။ မိမိတို့မှာ ဂုဏ်အင်္ဂါအရည်အချင်းများ မပြည့်စုံသေးလျှင်လည်း ဂုဏ်အင်္ဂါအရည်အချင်းများနှင့် အထိုက်အလျောက် ပြည့်စုံအောင်သတိဆောင်၍ ပြုပြင်တော်မူကြရန် အချိန်နှောင်းပြီဟု မဆိုနိုင်သေးပါဘုရား။

ယင်းသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ပျော့ကွက်ဟာကွက် ချို့ယွင်းချက်များမရှိအောင်(သို့မဟုတ်)နည်းပါးနိုင်သမျှ နည်းပါးအောင် မဟာနာယကအဖွဲ့ဝင်ဆရာတော်များ ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးစားတော်မူကြပါလျှင် အောက်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကလည်း တဖြည်းဖြည်းပြည့်စုံအောင် ကြိုးစားလာကြပါလိမ့်မည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

"ပုနစပရံ ဘိက္ခဝေ ဘယံ ဟောတိ အဋ္ဌဝိသကော်ဝေါ၊ စက္ကသမာရုဠှာ ဇနပဒါ ပရိယာယန္တိ၊ အယံ ဘိက္ခဝေ စတုတ္ထော အသမယော ပဓာနာယ၊ ပုနစပရံ ဘက္ခိဝေ မနုဿာ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီ ဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ၊ ဝိဟရန္တိ။ အယံ ဘိက္ခဝေ စတုတ္ထော သမယော ပဓာနာယ" ဟု ကမ္မဋ္ဌာန်းအားထုတ်ဖို့ မသင့်လျော်သောအခါ သင့်လျော်သောအခါတို့ကို ဗုဒ္ဓရှင်တော်မြတ် ခွဲခြားပြီး ဟောကြားတော်မူခဲ့ပါသည်။ (အံ။ ၂၊ ၅၈-၅၉)

ကမ္မဋ္ဌာန်းအားထုတ်ဖို့ မသင့်လျော်သောအခါ သင့်လျော်သောအခါကိုသာ တိုက်ရိုက်ဟောကြား ပြဆိုထားသော်လည်း အခြားသာသာနာရေးကိစ္စများကို ဆောင်ရွက်ဖို့ မသင့်လျော်သောအခါ သင့်လျော်သောအခါများကိုလည်း အလျော်အားဖြင့် ယူနိုင်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့လည်း အဖွဲ့ဝင်အချင်းချင်း အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစားမှု ရှိနေကြမှ၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားနေကြမှ အထက်အဖွဲ့အစည်း၏ ညွှန်ကြားမိန့်မှာချက်များကို အောက်အဖွဲ့အစည်းက လေးစားလိုက်နာလျက်၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့အစည်းက အမှီအခိုအကြီးအကဲအရာ၌ ထားကြမှ ဘုရားတပည့်တော်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများ အောင်မြင်ပြီးမြောက်လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာကောင်းစွာ တည်တံ့နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြအဖြစ်ဖြင့် ဦးဆောင်၍ ဗုဒ္ဓသာဘာဝင် ရဟန်းရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိ လိုက်နာကြစေရန် သုံးပါးရတနာကျင့်သိက္ခာနှင့် အညမညဂါရဝတရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံးလိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်တော်မူကြပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ထို့ကြောင့် မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော-

ဟူသော ဥပါလိတ္ထေရာပဒါန်လာ ဒေသနာတော်ကို စိတ်မှာသို့ထား လေးစားလိုက်နာသောအားဖြင့် ရတောင့်ရခဲရရှိလာသော အခွင့်ကောင်းအချိန်ကောင်းကို လက်မလွှတ်စေဘဲ အချိန်မနှောင်းမီ ပြုပြင်ဖွယ်ရှိသည်များကို ပြုပြင်တော်မူကြပြီးလျှင် မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးကို မိမိတို့လက်ထက်မှာ သန့်ရှင်းနိုင်သမျှသန့်ရှင်း၊ တည်တံ့နိုင်သမျှ တည်တံ့၊ပြန့်ပွားနိုင်သမျှ ပြန့်ပွားအောင် လုံ့လမလစ် အားသစ်ကြိုးပမ်းတော်မူကြပါဟု လေးလေးနက်နက်တိုက်တွန်းလျက် သြဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

## မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားအားလုံးအတွက် အာမခံထားပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားအားလုံးအတွက် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုတို့ပူးပေါင်း၍ အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှု အာမခံထားရှိပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသားအားကစားသမား ၅၈၅ ဦးနှင့် အမျိုးသမီးအားကစားသမား ၄၁၇ ဦးတို့ဖြစ်ပြီး စုစုပေါင်း ၁၀၀၂ ဦးကို တစ်ဦးလျှင် အာမခံထားငွေကျပ်ငါးသန်းဖြင့် ကျပ်သန်းပေါင်း ၅၀၁၀၀၀၀၀၀၀ (ကျပ်သန်းပေါင်း ငါးထောင့်တစ်ဆယ်တိတိ)ထားရှိပေးမည်ဖြစ်သည်။ ယင်းအာမခံထားငွေစုစုပေါင်းအတွက် ပရီမီယံကြေးမှာ ကျပ်သန်းပေါင်း ၁၀ ဒသမ ၀၂ ဖြစ်ပြီး တစ်ဦးချင်းအတွက် ပရီမီယံကြေး ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြစ်သည်။ ပရီမီယံကြေးအားလုံးအား မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ခု တို့မှ ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အာမခံသက်တမ်းကာလမှာ ၁၈-၁၁-၂၀၁၃ ရက်မှ ၂၂-၁၂-၂၀၁၃ ရက် ထိ ဖြစ်သည်။ ထိုသို့အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှု အာမခံထားရှိခြင်းအတွက် အာမခံပေါ်လစီအား တစ်စောင်တည်းသာ ထုတ်ပေးမည်ဖြစ်သည်။

အကယ်၍ ထိခိုက်ဒဏ်ရာရရှိခဲ့ပါက ပေါ်လစီပါစည်းကမ်းအတိုင်း အကျိုးခံစားခွင့်လျင်မြန်စွာထုတ်ပေးမည်ဖြစ်ပြီး အများဆုံးအကျိုးခံစားခွင့်မှာ ကျပ်ငါးသန်းဖြစ်သည်။

ထို့အပြင် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံခြားသားအားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်များအတွက် အာမခံအကာအကွယ်ဖြစ်သော Sport Contingent Personal Accident Insurance ကို ရောင်းချပေးမည်ဖြစ်ပြီး တစ်ဦးချင်းကျသင့်သည့် ပရီမီယံမှာ အမေရိကန်ဒေါ်လာ ၁၀၀ ဖြစ်၍ ရရှိဒဏ်ရာများအတွက် အများဆုံးပေးမည့်အကျိုးခံစားခွင့်မှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြစ်သည်။ နိုင်ငံခြားအားကစားသမားများအတွက် အာမခံလက်ခံဆောင်ရွက်ခြင်းကိုမူ မြန်မာ့အာမခံလုပ်ငန်းကသာ လက်ခံဆောင်ရွက်မည်ဖြစ်ပြီး ပရီမီယံကိုလည်း အမေရိကန်ဒေါ်လာဖြင့်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်မြို့တော်အတွင်း နေ့စဉ်နှင့်အမျှ ပြေးဆွဲလျက်ရှိသော ခရီးသည်တင် စီးတီးဘတ်စ် (Aircon Bus) ယာဉ်အချို့တွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ လုပ်ငန်းခွင်ဝင်ချိန် နေ့စဉ်ပြုနေသည့် ရဟန်း၊ သံဃာတော်များနှင့် သီလရှင်များအား ဓမ္မဒါန ကုသိုလ်အဖြစ် ကားခပေးဆောင်ရန် မလိုသည့် ကုသိုလ်တရားများမှာ ၎င်းယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအနေဖြင့် စိတ်ဘဝင်ကို ကြည်နူးစေရုံသာမက တွေ့မြင်သူတိုင်းက ချီးမွမ်းထောမနာ ပြုကြသည့် ဤစာသားလေးသည် **(ယာပုံ)**မြန်မာ့စိတ်ထား အမှန်ပင်ဖြစ် ပေလိမ့်မည်။

ထိုကဲ့သို့ ကုသိုလ်တရားများ ပြုလုပ်ဆောင်ရွက်ခြင်းကို ခရီးသည်တင် မော်တော်ယာဉ်ကြီး၊ လတ်၊ ငယ်များတွင်လည်း ပြုလုပ်လာကြမည်ဆိုလျှင်

## စိတ်ဘဝင်ကို ကြည်နူးစေသည့် ဓမ္မဒါနကုသိုလ်



ဖြင့် "မြန်မာ့စိတ်ထားအလှ" ကမ္ဘာ တစ်ခု ဖြစ်ပေလိမ့်မည်။
ကပင် လေးစားစေမည့် ကုသိုလ်ဓလေ့ **(ဇော်ကြီး-ပဏ္ဍိတ)**



# အီတလီဝန်ကြီးချုပ်ဟောင်းကို ပါလီမန်မှ ထုတ်ပယ်

ရောမ နိုဝင်ဘာ ၂၈

**အီတလီ ဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလပ်စကိုနီ(အပေါ်ပုံ)ကို နိုင်ငံတော်သို့ အခွန်လိမ်လည်သည့်အမှု ကျူးလွန်ခဲ့သဖြင့် အထက်လွှတ်တော်က မဲပေး၍ ပါလီမန်မှ ထုတ်ပယ်လိုက်ကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

အီတလီနိုင်ငံရေးလောကကို နှစ်ပေါင်း ၂၀ကျော် ကြီးစိုးလာခဲ့သော ဘာလပ်စကိုနီသည် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ဆုံးရှုံးပြီဖြစ်၍ အခြားသောရာဇဝတ်မှုများအတွက် ယခုအခါ အဖမ်းခံရရန်ရှိနေသည်။

အသက် ၇၇နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော ဝန်ကြီးချုပ်ဟောင်းက ပါလီမန်၏ပြင်ပမှ ဆက်လက်လှုပ်ရှားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းသို့ထုတ်ပယ်ခံရသည့်အတွက် ၎င်းသည် ခြောက်နှစ်ဟူသောကာလအတွင်း မည်သည့် အထွေထွေ ရွေးကောက်ပွဲတွင်မျှ ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ပေ။

အထက်လွှတ်တော်၌ဘာလပ်စကိုနီအရေးကို အပြင်းအထန်ဆွေးနွေးကြရာ ပြိုင်ဘက်အမတ်များအကြား ခိုက်ရန်ဖြစ်ပွားလုနီးအထိ အရှိန်ပြင်းခဲ့သည်။

၎င်း၏မီဒီယာကုမ္ပဏီသည် အမေရိကန်ထံမှ ရုပ်/သံ ထုတ်လုပ်ခွင့်ကို ဝယ်ယူခဲ့သောဖြစ်စဉ်နှင့် ပတ်သက်၍ အခွန်လိမ်လည်သည့်အတွက် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ၎င်းကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းတရားရုံးစီရင်ချက်ကို ဩဂုတ်လတွင် အတည်ပြုခဲ့သည်။

တစ်နှစ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ နေအိမ်အကျယ်ချုပ် သို့မဟုတ် ၎င်း၏ အသက်အရွယ်အရ လူမှုဝန်ထမ်း လုပ်ဆောင်ရန် ဖြစ်ဖွယ်ရှိသည်။

ယင်းတို့အပြင် အရွယ်မရောက်သေးသော ဆောင်ကြာမယ်နှင့်ပျော်ပါးမှုနှင့် ရဲတပ်ဖွဲ့၏တယ်လီဖုန်း ပြောကြားခြင်းကို ကြားဖြတ်ခိုးယူနားထောင်သည့်အမှုများအတွက်လည်း တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

**ဘီဘီစီ။**

# ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကန့်ကွက်မှု အနည်းဆုံး ၁၅ဦးသေဆုံး

ဒက္ကာ နိုဝင်ဘာ ၂၈

**ဘင်္ဂလားဒေ့ရှ်အစိုးရက တနင်္လာနေ့၌ အထွေထွေရွေးကောက်ပွဲကို ဇန်နဝါရီ ၅ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီးသည့်နောက် ကန့်ကွက်ဆန္ဒပြမှုများပေါ် ပေါက်ခဲ့ရာ နိုင်ငံတစ်ဝန်း အနည်းဆုံး ၁၅ဦးသေဆုံးခဲ့ပြီဟု တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။**

အစိုးရ သတ်မှတ်သည့်ရက်ကို အတိုက်အခံတို့က ငြင်းပယ်ပြီး လမ်းပန်းဆက်သွယ်ရေးကို ပိတ်ဆို့ထားရန် ဆော်ဩခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာစီနာက ကြားနေ အိမ်စောင့်အစိုးရအား ရွေးကောက်ပွဲကြီးကြပ်စေရန်အတွက် အာဏာလွှဲပြောင်းပေးခြင်းကို အတိုက်အခံတို့က အလိုရှိကြသည်။

ယင်းသို့လုပ်ဆောင်ခြင်းကို ယခင်ရွေးကောက်ပွဲကျင်းပစဉ်က ချမှတ်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

အတိုက်အခံတို့က လမ်းပန်းဆက်သွယ်ရေးကို သောကြာနေ့တိုင်အောင် ပိတ်ဆို့ထားကြမည်ဖြစ်သည်။

၎င်းတို့ကို ထောက်ခံသူများက မီးရထားသံလမ်းများကို ဖျက်ဆီးခြင်း၊ ဘတ်စ်ကားများ၊ တက္ကစီကားများကို မီးရှို့ခြင်း၊ ကူးတို့သင်္ဘောများ မမောင်းရန် တားမြစ်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

## ဆွေးနွေးမည်

ယင်းသို့ဖြစ်နေစဉ် ကုလသမဂ္ဂ သံတမန် အော်စကာဖာနန်ဒက်(စ်) တာရန်ကိုသည် ရွေးကောက်ပွဲလိပ်ခဲတည်းလည်း ဖြစ်နေခြင်းကို အဆုံးသတ်ရန်အတွက် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးရန် ဒီဇင်ဘာ ၆ရက်တွင် လာရောက်မည်ဖြစ်ကြောင်း အစိုးရက ကြေညာခဲ့သည်။

လွတ်လပ်၍ တရားမျှတသော၊ သန့်ရှင်းသော ရွေးကောက်ပွဲကျင်းပရန် နိုင်ငံရေး ခေါင်းဆောင်များအတွက် ကုလသမဂ္ဂအကြီးအကဲ၏ ပြင်းထန်သော သဝဏ်လွှာကို ၎င်းသံတမန်က ယူဆောင်လာမည်ဖြစ်ကြောင်း ဒေးလီးစတား သတင်းစာက ဖော်ပြသည်။

**ဘီဘီစီ။**



အတိုက်အခံတို့ကို ထောက်ခံသူများက ရထားသံလမ်းများကို ဖျက်ဆီးနေကြစဉ်။

# အာဖဂန်နစ္စတန်တွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွား အရပ်သားသုံးဦးသေဆုံး၊ ၁၀ဦးဒဏ်ရာရ

ဂျလာလာဘတ် နိုဝင်ဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးအရှေ့ဘက် ကီလိုမီတာ ၁၂၀ကွာဝေးသော နန်ဂဟာပြည်နယ်အရှေ့ပိုင်းရှိ အက်ချင်းမြို့တွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားကြောင်း၊ အရပ်သားသုံးဦးသေဆုံး၍ ၁၀ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက နိုဝင်ဘာ ၂၈ရက်တွင် ပြောကြားသည်။

နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားရာ အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၍ ၁၀ဦးဒဏ်ရာရရှိကြောင်း နန်ဂဟာပြည်နယ် အုပ်ချုပ်ရေးမှူး အာမက်ဇီယာအဗ္ဗဒူလ်ဇိုင်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပထမဗုံးပေါက်ကွဲမှုမှာ အဗ္ဗဒူလ်ခီးလ်ဒေသတွင် အရပ်သားကားတစ်စီးကို လမ်းဘေးဗုံးထိမှန်ခြင်းဖြစ်ကြောင်း၊ ဒေသစံတော်ချိန် နံနက် ၉နာရီခွဲခန့်ကဖြစ်ကြောင်း၊ လူတစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိကြောင်း၊ ဒုတိယပေါက်ကွဲမှုတွင် အရပ်သားနှစ်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိကြောင်း အက်ချင်းခရိုင်အုပ်ချုပ်ရေးမှူး ဆေယက်ဗ်ရက်မန်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ဘဂ္ဂဒက်မြို့တွင် အသုဘအခမ်းအနား၌ အသေခံဗုံးပေါက်ကွဲ လူကိုးဦးသေဆုံး၊ ၂၁ဦးဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနောက်ပိုင်းတွင် အသုဘအခမ်းအနားပြုလုပ်နေစဉ် အသေခံဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားရာ လူကိုးဦးထက်မနည်းသေဆုံး၍ ၂၁ဦးဒဏ်ရာရရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။**

နိုဝင်ဘာ ၂၇ရက် နေ့ဝင်ချိန်က ဘဂ္ဂဒက်မြို့အနောက်ဘက် ၂၅ကီလိုမီတာကွာဝေးသော အဘူဂါရိတ်ဒေသ၌ အသုဘအခမ်းအနားပြုလုပ်နေရာ ရွက်ဖျင်တဲအတွင်း အသေခံဗုံးခွဲသမားတစ်ဦးဝင်ရောက်လာပြီး အသေခံဗုံးခွဲလိုက်ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအား အရေးပေါ်လူနာတင်ကားများ၊ ရဲကားများ၊ အရပ်သားကားများတို့ဖြင့် နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

## ပိုမိုဆိုးရွားလာ

အီရတ်နိုင်ငံတွင် မကြာမီသေးမီနှစ်များအတွင်း အကြမ်းဖက်လုပ်ရပ်များ ပိုမိုဆိုးရွားလာရာ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း သေဆုံးသူ ၇၀၀၀နီးပါးရှိပြီး ဒဏ်ရာရရှိသူပေါင်း ၁၆၀၀၀ကျော်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သောစာရင်းဇယားတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**














# လူမှုရေးအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ဒေသဦးစီး အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်ဦးဆောင်သော ဒေသခံအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မူလတန်းကြိုကျောင်း စတင်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဟိုပုံးမြို့ ကရုဏာလူမှုနာရေးကူညီမှုအသင်းအတွက် ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်မိသားစုက ငွေကျပ် တစ်သိန်းနှင့် ဝန်ကြီးဌာနမှ ငွေကျပ်တစ်သိန်းကို တာဝန်ရှိသူထံ လှူဒါန်းသည်။ ထို့နောက် တောင်ကြီးမြို့ ရှမ်းရိုးမဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများထောက်ပံ့၍ မူလတန်းကြိုကျောင်းကို စစ်ဆေးပြီး အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားသည်။

ထို့နောက်ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ် အတွင်း လူမှုစီးပွားဘဝမြင့်မားရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်ပြည်ထောင်စုဝန်ကြီး**(အပေါ်ယာပုံ)**နှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က တောင်ကြီးမြို့နယ်အတွင်းရှိ ရှမ်းရိုးမဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၆ ဒသမ ၃ သိန်း၊ ဟမ်ဆီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၃၄ ဒသမ ၈ သိန်း၊ ဓမ္မဝိဒူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၅၅ ဒသမ ၈ သိန်း၊ ဒေါ်ကြီး/ဒေါ်ငယ် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၃၁ ဒသမ ၈ သိန်း၊ အေးသာယာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၁၀၇ ဒသမ ၉၆ သိန်း၊ ငြိမ်းချမ်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၇၉ ဒသမ ၃၁ သိန်း၊ သူငယ်တော်ယေဇူးမသန်စွမ်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၂၉ ဒသမ ၄ သိန်း၊ အမျိုးသမီးရိပ်သာအတွက် ငွေကျပ် ၂၄ ဒသမ ၀၉ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂ ကျောင်းအတွက် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေ မြို့နယ်ရှိ ဇေယျသုခလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ အတွက် ငွေကျပ် ၂၄ ဒသမ ၇၇ သိန်း၊ မိုင်းသောက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် ငွေကျပ် ၆၇ ဒသမ ၈၄ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်း ကြိုကျောင်းတစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ ပင်လောင်းမြို့နယ်ရှိ နန်းဟူးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၄၅ ဒသမ ၂၀ သိန်း၊ တီးနားကောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၁၈ ဒသမ ၂ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ အောင်ပန်းမြို့နယ်ရှိ မဇ္ဈိမာရုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၇၄ ဒသမ ၄၁ သိန်း၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း သုံးကျောင်းအတွက် ငွေကျပ် ၁၈ သိန်း၊ဖယ်ခုံမြို့နယ်ရှိ ဆိုင်ခွန်ကျောင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၄၈ ဒသမ ၁၈ သိန်း၊ လကျီနွဲ့လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ်၃၅ ဒသမ ၇၂ သိန်း၊ လပင်နွဲ့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၉၀ ဒသမ ၀၅ သိန်း၊ ဇီးဖြူတောင် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ်၁၃ ဒသမ ၅ သိန်း၊ စလင်းကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ်၇၇ ဒသမ ၈ သိန်း၊ နတ်တောကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၄၉ ဒသမ ၅၉ သိန်း၊ လအိလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၈၈ ဒသမ ၇ သိန်း၊ ဘီကင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ငွေကျပ် ၄၉ ဒသမ ၁၄ သိန်း၊ ရပ်စောက်မြို့နယ်ရှိ သုခကာရီ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် ၃ ဒသမ ၉ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ငွေကျပ် ၃၆ သိန်း၊ကလောမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ရှစ်ကျောင်းအတွက် ငွေကျပ် ၄၈ သိန်း၊ ဟဲဟိုးမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ရွှေညောင်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ဆီဆိုင်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း လေးကျောင်းအတွက် ငွေကျပ် ၂၄ သိန်း၊ ပင်းတယမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ငါးကျောင်းအတွက် ငွေကျပ် သိန်း ၃၀၊ ဟိုပုန်းမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း သုံးကျောင်းအတွက် ငွေကျပ် ၁၈ သိန်း၊ လင်းခေးမြို့နယ်ရှိ မတ်ကျိုင်းမွန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ငွေကျပ် ၃၅ ဒသမ ၂၀ သိန်း၊ မိုးနဲမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတစ်ကျောင်းအတွက် ငွေကျပ် ခြောက်သိန်း၊ မိုင်းပန်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ မောက်မယ်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတစ်ကျောင်း၊ ဟိုမိန်းမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တစ်ကျောင်း၊ လွိုင်လင်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တစ်ကျောင်းနှင့် မိုင်းပွန်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတစ်ကျောင်းတို့အတွက် ငွေကျပ် ခြောက်သိန်းစီ၊ နမ့်စန်မြို့နယ်ရှိကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း လေးကျောင်းအတွက် ငွေကျပ် ၂၄ သိန်း၊ မိုင်းကိုင်မြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်း၊ ကွန်ဟိန်းမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တစ်ကျောင်း၊ မိုင်းရှူးမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တစ်ကျောင်းနှင့်လဲချားမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တစ်ကျောင်းတို့အတွက် ငွေကျပ်ခြောက်သိန်းစီ၊ ပင်လုံမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ငွေကျပ် ၁၂ သိန်း၊ ဟိုပုံးမြို့ ကရုဏာ လူမှုနာရေးကူညီမှုအသင်းအတွက် ငွေကျပ် ငါးသိန်း၊ ဟိုပုံးမြို့ ရက်တစ်ရာစာသင်ဝိုင်း စေတနာညကျောင်းအတွက် ငွေကျပ် ငါးသိန်း၊ တောင်ကြီးမြို့နယ် ကျောက်တစ်လုံး မြို့နယ်ခွဲရှိမူလတန်းကြိုကျောင်းငါးကျောင်း အတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၅၂၀ ဒသမ ၆၈ သိန်းကို သက်ဆိုင်သူများထံထောက်ပံ့ပေးအပ်သည်။




ထို့နောက် တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ အဆင့်မြင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဒေသဦးစီး အစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုကို ဦးဆောင်သော ဒေသခံအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး လူမှုကရုဏာ စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ပေးကာ ဝန်ကြီးဌာနမှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဘိုးဘွားရိပ်သာ စတင်တည်ထောင်ဖွင့်လှစ်ရန် မတည်လှူဒါန်းငွေကျပ် သိန်း၅၀၀၊ ပင်းတယမြို့နယ် သပြေကုန်းလူမှုကူညီရေးအသင်း အတွက် ငွေကျပ် ငါးသိန်း၊ ပွေးလှလူမှုကူညီရေးအသင်းအတွက် ငွေကျပ်ငါးသိန်း၊ ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်မိသားစုက မူလတန်းကြိုကျောင်းများတွင် ယင်လုံအိမ်သာဆောက်လုပ်ရန်အတွက် ငွေကျပ် နှစ်သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘိုးဘွားရိပ်သာတည်ဆောက်မည့် မြေနေရာကိုကြည့်ရှုသည်။

နိုဝင်ဘာ ၂၅ ရက်တွင် အေးသာယာမြို့၌ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်တို့အား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုသိရှိရန် အသိပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရွာမသဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း အသစ်ထပ်မံတည်ဆောက်လျက်ရှိသည့် Electricity Generating Authority of Thailand (EGAT) သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံးသို့ လိုအပ်သော သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခင်းကျင်းခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ရွာမသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အစိတ်အပိုင်းများနှင့် ပိုက်လိုင်းချိတ်ဆက်ရန်အဆင့်သို့ ရောက်ရှိပြီဖြစ်သည်။

ပိုက်လိုင်းချိတ်ဆက်ခြင်းလုပ်ငန်းများအား ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီမှစ၍ ၂၄ နာရီခန့်ကြာ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါကာလအတွင်း အလုံလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ သဘာဝဓာတ်ငွေ့အပြည့်အဝဖြန့်ဖြူးပေးထားမည်ဖြစ်ကာ သာကေတ၊ လှော်ကားနှင့် ရွာမလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံးစက်မှုလုပ်ငန်းများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**


**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင် Informational Access Center(IAC) အဆောက်အအုံ ပေ(၈၄×၆၅) တစ်ထပ်အာရ်စီ တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို တစ်စောင်လျှင် (၃၀၀၀ိ/-) နှုန်းဖြင့် အောက်ဖော်ပြပါလိပ်စာတွင် ၂၈-၁၁-၂၀၁၃ ရက်မှ ၂၉-၁၁-၂၀၁၃ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်း၊ စိစစ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၅၀၁၁၀၊ ၃၈၅၈၅၉၊ ၂၅၆၇၆၁၊ ၃၉၈၄၂၄








# အားကစားပွဲတော်မှာ အမှတ်ရစရာ

မကြာခင်ကာလတွင် မြန်မာနိုင်ငံ၌ အရှေ့တောင်အာရှအားကစားပွဲတော်ကြီး ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ဆောင်အားကစားပွဲတော်ကြီးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ ကာယအား၊ ဉာဏအားတို့အပြင် စေတနာ မေတ္တာတို့ပေါင်းစပ်ပြီး အရှေ့တောင်အာရှမှ တက်ရောက်ယှဉ်ပြိုင်ကြသူများကို နွေးထွေးစွာကြိုဆိုကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကမ္ဘာတွင်မြန်မာဟူသော အောင်လံလွှင့်ထူနိုင်ရန် အားကစားကို မြှင့်တင်ပေးရုံသာမက နိုင်ငံတော်၏မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံသားတို့၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံ၏သမိုင်းစဉ် ရှည်မြင့်ခိုင်မာတိုးတက်မှုတို့ကို ပြသဂုဏ်ဆောင်ပေးမည့်ပွဲတော်ကြီးတစ်ခုဖြစ်အောင်ဦးဆောင်၍ ကြိုးပမ်းနေကြသည်။ ဤပွဲတော်ကြီးတွင် အားကစားများသာမက နိုင်ငံ၏စီးပွားရေး၊ ပညာရေး၊ လူမှုရေးများကို အခွင့်သာခိုက်တွင် ကမ္ဘာသိအောင်ဖော်ပြကြဦးမည်ဖြစ်သည်။

တိုင်းရင်းသားများအပြင် နိုင်ငံခြားသားများပါ ကြည်နူးပျော်ရွှင်တက်ကြွစေမည့် ပွဲတော်ကြီး၌ အမှတ်တရဖြစ်ဖွယ် မြန်မာ့လေ့တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချကျွေးမွေးခြင်း၊ တိုင်းရင်းသားတို့၏ ရိုးရာလက်ဖြစ် အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများလေ့လာကြည့်ရှုနိုင်ခြင်းတို့ကိုလည်း ဈေးပွဲတော်တစ်ခုအဖြစ် ခင်းကျင်းပြသရောင်းချကြဦးမည်ဖြစ်သည်။

အားကစားပွဲတော်အထိမ်းအမှတ် တံဆိပ်သင်္ကေတများ၏ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ အသုံးအဆောင်ပစ္စည်းများ အမှတ်တရထုတ်လုပ်နေကြသည်။ တိုင်းနှင့်ပြည်နယ်အလိုက် တိုင်းရင်းသားပေါင်းစုံ၏ လက်မှုပစ္စည်းများလည်း



စုံလင်အောင်တွေ့မြင်ရတော့မည်ဖြစ်သည်။ ထိုကဲ့သို့ ပြင်ဆင်နေကြသော လုပ်ငန်းရှင်များသာမက အဖွဲ့အစည်းများ၊ မိသားစုများက အမှတ်တရဖြစ်စရာ ပစ္စည်းများ တီထွင်ရောင်းချကြမည်ဖြစ်သည်။

ယခုတွေ့ရှိရသော အမှတ်တရပစ္စည်းလေးများမှာ အများနှင့်မတူဘဲ ထူးခြားအောင်ဆောင်ရွက်ထားသော လက်မှုပညာရှင်လေးများ၏ လက်ရာကို သူတို့လုပ်ငန်းခွင်တွင်တွေ့ရှိခဲ့ရသဖြင့် မျှဝေခံစားလိုက်ပါသည်။

သူတို့လေးတွေသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပန်းချီပညာဖြင့်ဘွဲ့ရရှိသူများ ဖြစ်သည်။ တက္ကသိုလ်မှ သင်ယူတတ်မြောက်လာသောပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်း၊ ပန်းချီပြပွဲများ ပါဝင်ပြသခြင်း၊ ကလေးပန်းချီသင်ကြားခြင်းတို့အပြင် ပန်းချီလုပ်ငန်းများကိုလည်း စုပေါင်းဆောင်ရွက်နေကြသည်။

**သပြေဆွေမြင့်**

နိုင်ငံတော်မှ မကြာမီကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးတွင် တက်ရောက်လာကြသော အားကစားသမားများ၊ တစ်နိုင်ငံလုံးမှ ပရိသတ်များအတွက် စားသောက်ရေး၊ ဖျော်ဖြေရေးအစီအစဉ်များတွင် မြန်မာနိုင်ငံဖြစ် အမှတ်တရပစ္စည်းများရောင်းချ လက်ဆောင်ပါးမည့် အစီအစဉ်များပါရှိလာမည်ဖြစ်သည်။



အမှတ်တရပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်လှစ်ထားကြမည်။ ထိုဆိုင်များထဲမှ ထူးခြားသောဆိုင်တစ်ဆိုင်မှာ ကိုယ်ပိုင်လက်ဖြစ် (Hand Made)များကို Novel Art Garden Art School မှ ကိုယ်တိုင်ဖန်တီးပြုလုပ်ထားကြသည်။

ထိုလက်ဆောင်ပစ္စည်းများမှာ စားပွဲတင်ဖန်ဘူးအတွင်း၌ မြက်စိမ်းတစ်ခက်ပေါက်ရောက်နေသော သဘာဝကျောက်တုံးလေးကို ကတ္တီပါစခံ၍ ဖန်ကြည်ဘူးကလေးထဲတွင် ထည့်သွင်းထားသည်။ ထူးခြားချက်မှာ ထိုကျောက်တုံးကလေးသည် မြန်မာနိုင်ငံ၏ရေမြေသယံဇာတဖြစ်သော မေခ၊ မလိခ ဧရာဝတီမြစ်ဆုံမှ ကျောက်ခဲ၊ မကွေးတိုင်းဒေသကြီး မန်းရွှေစက်တော်ဘုရားခြေတော်ရင်း မန်းချောင်းရေကြည်ကြည်အောက်မှ သဘာဝကျောက်ခဲလေးများ၊ ကေတုမတီနန်းတော်ရာ တောင်ငူမြို့ (၄)မိုင် ရိုးမချောင်းမှရရှိသော သဘာဝကျောက်ခဲအစစ်များဖြင့်အမှတ်တရရှိစေရန် SEA Games လာဘ်ကောင် ဇီးကွက်ရုပ်ကလေးများကို ပုံနှိပ်ခြင်းမဟုတ်ဘဲ ကိုယ်တိုင်ရေးဆွဲ၍ သစ်ပင်ငယ်လေးများ၊ မြက်ပန်းလေးများဖြင့်ပေါင်းစပ်၍ ဧည့်ခန်းအလှဆင်စားပွဲတင် ကလောင်ထည့်၊ ဘီး၊ မှန်ထည့်ပစ္စည်းလေးများအဖြစ် ထုတ်လုပ်လိုက်ပါသည်။

ဤပစ္စည်းများ၏ အဓိကထူးခြားချက်မှာ မြန်မာ့ရေမြေသဘာဝ၏ ကျောက်တုံးလေးများကို ကြုံကြိုက်တိုက်ဆိုင်လာသော အားကစားပွဲတော် တံဆိပ်လေးက တစ်သက်တာ အမှတ်တရဖြစ်ရန် ဖန်တီးပေးခြင်းဖြစ်ပါသည်။

မြန်မာတိုင်းရင်းသားများသာမက နိုင်ငံခြားဧည့်သည်တော်များပါ မြန်မာပြည်တွင် ကျင်းပသော အားကစားပွဲတော်အထိမ်းအမှတ် တံဆိပ်သာမက မြန်မာ့သယံဇာတ ပစ္စည်းလေးတစ်ခုပါလက်ဆောင်ပါး၍ ဖြန့်ဝေလိုက်သော စေတနာကို ဖန်တီးကြသည့် ပန်းချီဆရာမလေးများကို ဂုဏ်ပြုမှတ်တမ်းတင်လိုက်ပါသည်။ ။

# အားကစားပွဲနဲ့ကြိုစို့

☆ ဇာတိဂုဏ် သမ္ဘာရှိ
ကမ္ဘာသိ တို့မြန်မာ။
ဆီးဂိမ်းပွဲ အပြိုင်နွှဲ
အားခဲကြပါ။
အရှေ့တောင်အာရှက
အတူတကွ နေထိုင်လာ
လက်တွဲခိုင်မာ အယူအဆ။
သွေးစည်းညီ ချစ်ကြည်မြဲ
ပွဲတိုင်းအောင်ကြ။

☆ ပွဲတော်ကြီးမှာဖြင့်
နွှဲပျော်တဲ့ တို့မြန်မာ။
အရေးကြုံသက်လုံကောင်းတယ်
ပေါင်းစုစဉ်လာ။
အားတွေမွေးရှိရင်လ
ရွှေငွေကြေး မြတ်ပညာ
မာန်ဇာတိ ဆွေရင်း။
အာရှသား တစ်မိဖွားတွေမို့
နီးကြားစေခြင်း။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ
**အားကစားပြိုင်ပွဲကိုဂုဏ်ပြုလျက်။ ။**

**စိုးသိမ်းစိုး (ဘဏ်-ငြိမ်း)**

## မြို့နယ်တရားရုံး၊ အဆောက်အအုံသစ်များ ပန္နက်တင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် တရားရုံးနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တရားရုံး အဆောက်အအုံသစ်များ ပန္နက်တင် အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတရားရုံး ဆောက်လုပ်မည့်နေရာများ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က သတ်မှတ်နေရာများ၌ ပန္နက်တင်ပြီး တွင်းတော်ဝန်းပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဘားအံအကျဉ်းထောင် စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကရင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ဘားအံအကျဉ်းထောင်သို့ သွားရောက်၍ ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်ခံနေရသူများ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိမှု ရှိ/မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး၊ ဥပဒေနှင့်အညီ တရားမျှတစွာဆောင်ရွက်မှုများ ရှိ/မရှိ၊ အခြားဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉–၁၁–၂၀၁၃ (သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | ပရိတ်တရားတော် |
| ၇း၅၀ | ပြည်သူ့နီတိ "တန်ဖိုး" |
| ၈း၂၅ | အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ" (အပိုင်း-၁၂၃) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း |
| ၉း၂၅ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ (ဂီတရိပ်သာ) (အပိုင်း-၂၁) |
| ၁၀း၃၅ | "လူမှုဖွံ့ဖြိုးပြည့်အကျိုး(အပိုင်း-၁) |
| ၁၁း၄၅ | ပျော်ရွှင်စေသော နေ့ရက်များ "အာတာပူစီ" (အပိုင်း-၇) (မြင့်မြတ်၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ လှအဥ္စလီတင့်) (ဒါရိုက်တာ-မီးပွား) |
| ၁၂း၂၅ | ဆေးရောင်စုံရုပ်ရှင် "မျှော်လင့်ခြင်းများစွာ" (ရန်အောင်၊ရဲအောင်၊ ဇင်ဝိုင်း၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ ပြေတီဦး၊ ဖိုးကျော်၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊မေသဥ္စာဦး၊ နဝရတ်၊ စိုးမိုးကြည်) [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)] |
| ၃း၄၅ | "မြေကမ္ဘာမှတ်တမ်း" |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ) |
| ၅း၁၅ | "ဘောလီဘော အားကစားနည်းအကြောင်း" |
| ၅း၃၀ | အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ"(အပိုင်း-၁၂၄) |
| ၇း၂၀ | "အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် မြန်မာပြည်" - ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ (ဂီတရိပ်သာ) (အပိုင်း-၈၈) -"တစ်ပြည်ဝင်အိုး" (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-ဝင်းမောင်ရွှေ -ART) |

## မြိတ်မြို့ မြို့မဈေးကြီး ပုံကျသစ်သီးဈေးသည်များကို မြိတ်စည်ပင်အဖွဲ့မှ ချေးငွေများထုတ်ပေး

**မြိတ် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ထားဝယ်စုရပ် ဆိပ်ငယ်မြို့မ မြို့နယ် စည်ပင်သာယာဈေးကြီးရှိ ပုံကျ သစ်သီးဈေးသည်များအား အသေးစားချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့စည်ပင်အဖွဲ့ (ဈေးများဌာန)မြို့မဈေးကြီးတာဝန်ခံထံမှ သိရသည်။

မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ (ဈေးများဌာန)သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထူးအစီအစဉ်များအရ မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ငွေကျပ် သိန်း ၁၀၀ ကို ချေးငှားကာ မြိတ်မြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ (ဈေးများဌာန) နယ်နိမိတ်အတွင်းရှိ ပုံကျသစ်သီးဈေးသည်များ၏ လက်ဝယ်အရောက် ပြန်လည်ချေးငှားပေးခြင်းဖြစ်ကြောင်း သိရသည်။

"ပုံကျ သစ်သီးဈေးသည်တွေ၊ တစ်နေ့လုပ် တစ်နေ့စား ဈေးသည်တွေအားလုံးအတွက် လိုအပ်တဲ့အရင်းအနှီးတွေကို အတိုးနှုန်းဈေးကြီးကြီးပေးပြီး နေ့စဉ်နေ့တိုင်းချေးယူ၊ ရယူ၊ လုပ်ကိုင်ရင်းနှီး စားသောက်နေရတာတွေ ပပျောက်စေဖို့ ရည်ရွယ်ချက်များဖြင့် ကျွန်မတို့မြို့နယ်စည်ပင်အဖွဲ့(ဈေးများဌာန)ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်စေရေး ရည်ရွယ်ချက်ဖြင့် မြိတ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ ငွေကျပ် သိန်း ၁၀၀ ကို ချေးယူပြီး ပုံကျသစ်သီးဈေးသည်တွေကို နှစ်ရာခိုင်နှုန်းအတိုးနဲ့ ပြန်လည် တာဝန်ယူချေးငှားပေးခဲ့ပါတယ်။ တစ်နှစ်ပတ်လုံးမဟုတ်ဘဲ ပထမခြောက်လပတ် သက်တမ်းသတ်မှတ်ပြီး အတိုးရောအရင်းပါ ပြန်လည်ပေးဆပ်/ပေးချေရတဲ့ စနစ်ဝိုင်းကြီးချုပ်စနစ်များနဲ့ ချေးငှားပေးခြင်းဖြစ်ပါတယ်"ဟု မြိတ်စည်ပင်အဖွဲ့မှ ဒုတိယဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြောသည်။

**(ဝ၇၄)**



✱ ကျောဖုံးမှ

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဇနီးတို့နှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးငွေးဦး၊ ဦးမောင်မောင်သိမ်း၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ဦးကြည်သာ၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပွဲအမီ ၂၇-၁၁-၂၀၁၃ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိဇုန်နှင့် ဥတ္တရသီရိဇုန်၌ ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ငါးလုံးနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ စာမျက်နှာ(၇)၊ ကော်လံ(၁)၊ စာကြောင်းရေ(၂)၌ဖော်ပြခဲ့သည့် နယူးဧရာ ကုမ္ပဏီ အထွေထွေဒါရိုက်တာ ဦးစောလှမင်း(အစား) နယူးဧရာ ဟိုတယ် Group ၏နာယကကြီး၊ အငြိမ်းစားသံအမတ်ကြီး ဦးစောလှမင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးတင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန |
| (ခ) ဒေါက်တာမင်းသန်းညွှန့် | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံ) ဦးသံဒိုင်အား ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုစင်္ကြံမှ ဖွံ့ဖြိုးမှုစင်္ကြံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုစင်္ကြံမှ ဖွံ့ဖြိုးမှုစင်္ကြံဆွေးနွေးပွဲ (From Connectivity Corridors to Development Corridors between India and Myanmar)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲတွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဦးအေးမြင့်မောင်၊ ဒေါ်လှဲ့လှဲ့သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံ Research and Information System for Development Country (RIS) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်း၊ အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံ Research and Information System for Development Country(RIS)မှ ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။



ယင်းဆွေးနွေးပွဲတွင် Connectivity and Trade Facilitation နှင့် Transforming Connectivity Corridor into Economic Corridor ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ဆွေးနွေးခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲမှ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ချိတ်ဆက်ထားသည့် လမ်းမကြီး ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံရှိ တမူးနှင့် အိန္ဒိယနိုင်ငံရှိ မိုရေးနယ်စပ်ဝင်ပေါက်တွင် မန္တလေးမှတစ်ဆင့် ရာသီမရွေး သွားလာနိုင်ရေး၊ မိုရေး-အင်ဖာအဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်နိုင်ရေး၊ အင်ဖာမှလည်း ၂၀၁၇ ခုနှစ်တွင် ရထားလမ်းဖောက်လုပ်နိုင်ရေးဖြစ်ပြီး လမ်းများဖောက်လုပ်ပြုပြင်ပြီးစီးသွားပါက အိန္ဒိယ-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပိုမိုနီးစပ်စွာဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး ယင်းလမ်းကြောင်းများမှ များစွာသောအကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စွမ်းအင်ဝန်ကြီးဌာနမှ ဖိတ်ခေါ်ထားသည့် ကမ်းလွန်လုပ်ကွက်ပေါင်း ၃၀ အတွက် အဆိုပြုလွှာတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၈**

စွမ်းအင်ဝန်ကြီးဌာနမှ ကမ်းလွန်လုပ်ကွက်ပေါင်း ၃၀ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် Myanmar Offshore Blocks Bidding Round-2013 ကို တင်ဒါခေါ်ယူခဲ့ရာ Pre-qualified အောင်မြင်သည့် ကုမ္ပဏီ ၆၁ ခုရှိကြောင်း သိရသည်။

ကုမ္ပဏီ တစ်ခုလျှင် အဆိုပြုလုပ်ကွက် သုံးကွက်တင်သွင်းခွင့်ရှိရာ အဆိုပြုလွှာများတင်ပြရမည့် နောက်ဆုံးရက်ကုန်ဆုံးချိန်အထိတွင် Pre-qualified အောင်မြင်သည့် ကုမ္ပဏီများအနက်မှ အဆိုပြုလွှာ ၆၄ ခုကို လက်ခံရရှိခဲ့သည်။ အဆိုပြုလွှာ ၆၄ ခုတွင် Pre-qualified အောင်မြင်သည့်ကုမ္ပဏီများသည် ပူးပေါင်း၍လည်းကောင်း၊ သီးခြားစီအနေဖြင့်လည်းကောင်း အဆိုပြုလွှာများ တင်သွင်းခဲ့ကြကြောင်း သိရှိရသည်-

| Sr. No. | Proposal Submitted Company | Foreign Partner Company | Proposed Block |
|---|---|---|---|
| 1 | Daewoo International Corporation | - | 1 Block |
| 2 | Statoil | ConocoPhillips | 2 Blocks |
| 3 | Northern Gulf Petroleum Pte.Ltd. | - | 1 Block |
| 4 | Exxon Mobil | - | 2 Blocks |
| 5 | PTTEP | - | 1 Block |
| 6 | TOTAL | - | 2 Blocks |
| 7 | ENI Myanmar | - | 1 Block |
| | | Petro Vietnam | 2 Blocks |
| 8 | Unocal Myanmar Offshore(Chevron) | - | 2 Blocks |
| 9 | Stetson Oil and Gas | - | 2 Blocks |
| 10 | Shell Myanmar Energy | MOECO | 3 Blocks |
| 11 | Oil India Ltd. | Mercator Petroleum Ltd.+Oil Max Energy Pte. Ltd. | 3 Blocks |
| 12 | Kris Energy | GAIL India Ltd. | 3 Blocks |
| 13 | Berlanga Holding B.V. | - | 1 Block |
| 14 | BG Group | Woodside Energy | 2 Blocks |
| 15 | Transform Expl. | Repsol Exploration | 3 Blocks |
| 16 | Repsol Exploration | - | 3 Blocks |
| 17 | Heritage Oil Plc. | - | 1 Block |
| 18 | Santos International Ventures Pty Ltd. | - | 1 Block |
| 19 | Hawkley | Azimuth | 3 Blocks |
| 20 | Woodside Energy | BG Group | 2 Blocks |
| 21 | Navitas Petroleum (Delek Group Co.,) | - | 1 Block |
| 22 | Peak Oil and Gas Ltd. | - | 3 Blocks |
| 23 | ROC Oil Co., | Tap Oil | 1 Block |
| | | Tap Oil+Northern Gulf Petroleum Pte. Ltd. | 1 Block |
| 24 | Transcontinental Resource Group | Canadian Foresight Group Ltd. | 3 Blocks |
| 25 | Ophir Energy Plc. | - | 3 Blocks |
| 26 | Ocean Star Energy | - | 1 Block |
| 27 | ONGC Videsh Limited | - | 2 Blocks |
| 28 | Twinza Oil (Asia) Ltd. | - | 3 Blocks |
| 29 | Petronas Carigali | - | 2 Blocks |
| 30 | Reliance Industries Ltd. | - | 3 Blocks |

**(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်တွင် စာပေလောကသားများကိုရည်ရွယ်၍ စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်တွင် စာပေလောကသားများကိုရည်ရွယ်၍ စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်း (Editorial Course)ကို လာမည့် ဒီဇင်ဘာလ ဒုတိယပတ်တွင် ဖွင့်လှစ်ရန်စီစဉ်နေကြောင်း မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးထံမှ သိရသည်။ ယခုဖွင့်လှစ်သည့် သင်တန်းသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအတွင်း ပထမဦးဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဘာသာပြန်နှင့် စာနယ်ဇင်းကျင့်ဝတ်၊ စာကောင်းပေမွန်သဘောလက္ခဏာ၊ စာပေပုံနှိပ်ထုတ်ဝေရေးဆိုင်ရာလုပ်ငန်းများနှင့် စာပေတည်းဖြတ်မှုဆိုင်ရာ ဘာသာရပ်များကို ပို့ချမည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ဆရာ ဆရာမများက အဓိကသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပြည်တွင်းမှ မြန်မာစာကျွမ်းကျင်သူပညာရှင်များ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းလုပ်ကိုင်နေသူများကိုပါ ဖိတ်ခေါ်သင်ကြားပို့ချစေမည်ဖြစ်သည်။

မြန်မာစာအရေးအသား မှန်ကန်ရှင်းလင်းပြေပြစ်စွာရေးသားနိုင်ရန်၊ မြန်မာသဒ္ဒါနှင့် စာလုံးပေါင်းသတ်ပုံမှန်ကန်စွာ ရေးသားနိုင်ရန်၊ မြန်မာစာပေဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သတင်း၊ ဆောင်းပါး၊ ခေါင်းကြီးပိုင်း အရေးအသားပုံစံများနှင့် ဘာသာပြန်အသုံးအနှုန်းရေးသားနည်းများကို အဓိကထားသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

“ဘာသာပြန်အရေးအသား၊ မြန်မာစာအရေးအသားတွေနဲ့ ပတ်သက်ပြီး ဆရာတို့စိတ်မချမ်းမသာဖြစ်ရတဲ့ အဓိကအကြောင်းက မြန်မာစာကို အင်္ဂလိပ်စကားလုံးတွေထည့်ညှပ်ပြီး သုံးနေကြတော့ မြန်မာစာမှာ “သည်” နဲ့ “၏” သာ ကျန်သလိုဖြစ်နေတယ်။ အင်္ဂလိပ်စကားလုံးတွေကို မြန်မာဘာသာ ပြန်ဆိုရာမှာ အားစိုက်ထုတ်ရတယ်။ ဒီအတိုင်းထည့်ရေးလိုက်ရင် အားစိုက်မထုတ်ရတော့ဘူး။ အဲဒါမျိုးတွေကို တတ်နိုင်သမျှ မြန်မာဆန်အောင် ဘယ်လိုသုံးရမလဲဆိုတာ ဖြည့်ဆည်းပေးဖို့ ရည်ရွယ်တာပါ” ဟု မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ပြောသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ရာတွင် အသက်ကန့်သတ်ထားခြင်းမရှိဘဲ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ သင်တန်းကြေး ငွေကျပ် ၇၅၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းသား ၅၀ လက်ခံသင်ကြားပေးမည်ဖြစ်သည်။ လျှောက်ထားသူဦးရေမှာ လက်ခံနိုင်မည့်အရေအတွက်ထက် ပိုများပြားပါက လူတွေ့ သို့မဟုတ် ရေးဖြေစာမေးပွဲများ ပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ထုတ်ပြန်ထားသည်။

သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရင်းနှင့်ပတ်သက်၍ ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက“အဓိကကတော့ လုပ်ငန်းခွင်ထဲရောက်နေတဲ့ စာနယ်ဇင်းသမားတွေအတွက် ရည်ရွယ်ဖွင့်လှစ်တာပါ။ အထူးသဖြင့် လုပ်ငန်းခွင်ထဲရောက်နေတဲ့ တက္ကသိုလ်ပညာကို သိပ်မထိတွေ့ခဲ့ရသူတွေ၊ အချို့ဆိုအဝေးသင်တက္ကသိုလ်တွေက ဘွဲ့ရရှိပြီး မြန်မာစာပေနဲ့ အထိအတွေ့နည်းခဲ့သူတွေရှိတယ်။ ဒါတွေကို ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနက ပြန်လည်ဖြည့်ဆည်းပေးချင်တဲ့အတွက် ဖွင့်လှစ်ခြင်းဖြစ်ပါတယ်” ဟု ရှင်းပြသည်။

သင်တန်းကာလမှာ ဒီဇင်ဘာလ ဒုတိယပတ်မှ မတ်လကုန်အထိဖြစ်ပြီး နံနက် ၇ နာရီခွဲမှ ၉နာရီခွဲအထိ တစ်ပတ်လျှင် လေးရက်ဖွင့်လှစ်မည်ဖြစ်သည်။ တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒုတိယတန်းခွဲသစ်ကို ၂၀၁၄ ခုနှစ်ဇွန်လတွင် ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ ယင်းသင်တန်းများမှ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူများအတွက် ဒီပလိုမာ (Diploma) တန်းခွဲများလည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် စီစဉ်သွားမည်ဟု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ သိရသည်။ ။

ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်

## ဆီးဂိမ်းပွဲတော်နွဲလို့ပျော်

- မြန်မာ့အားကစား
  ကမ္ဘာကအလေးထားစေရေး
  ကြွေးကြော်သံပေးကာ
  လက်ခုပ်သံတေးတွေဆို
  ဆီးဂိမ်းကိုကြိုကြစို့။
- အားကစားကိုမြှင့်တင်
  နိုင်ငံ့ဂုဏ်တင့်စေရေး
  စိတ်ဓာတ်ကိုအမာခံထား
  ကြိုးစားကွဲ့လေး။
- ဆီးဂိမ်းရဲ့ပွဲတော်
  ပျော်ရွှင်စွာဆင်နွှဲ
  သူ့မြေမှာ ပန်းတွေပွင့်ရင်ဖြင့်
  ကိုယ့်မြေမှာ ဖြာဝေတင့်စေမပေါ့
  မြန်မာ့အောင်လံ လေမှာလွင့်ထူဖို့
  အနိုင်မခံ အရှုံးမပေးစိတ်နဲ့
  မိတ်ဆွေနိုင်ငံများကို
  ယှဉ်ပြိုင်ကြစို့။ ။

မြဖူး(လမ်းမတော်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃ဘီ၊ မြေကွက်အမှတ်-၄၊ မြေကွက်တည်နေရာအမှတ် ၃၇A၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ မတင်ရီ(Mrs.Aung Thwin)၊ မောင်ဇော်ဝင်း၊ မောင်အောင်သိန်းအမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား တာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၉/၂၀၁၃၊ တရားမဇာရီမှုအမှတ် ၂၆/၁၃တို့အရ ဒေါ်စန်းစန်းဝင်း (ဘီလစ်) [၁၂/ဒပန(နိုင်)၀၀၄၆၃၉]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**














# ပြိုင်သူတို့၏ ရင့်ကျက်သောစိတ်ထား

ဒီစာစုလေးကို ပြောကြားခဲ့သူက မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ ဗိုလ်ချုပ်သည် မလွတ်လပ်သေးသည့် နိုင်ငံတော်အတွက် အသက်ပေးပြီးဦးဆောင်မှုအဖုံဖုံတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သလို မြန်မာ့အားကစားကိုလည်း ကမ္ဘာကသိအောင် စွမ်းဆောင်ပေးခဲ့သည်ကို နိုင်ငံသားတိုင်း အမှတ်ရစေချင်သည်။

ဗိုလ်ချုပ်မကွယ်လွန်မီ လပိုင်းအလိုမှာ အနာဂတ်မြန်မာ့အားကစားစီမံကိန်းအတွက် ဦးဇော်ဝိတ်၊ ကာယဗလ ဦးရှိန်၊ ဗဟိုသိမ်းဆောင်တို့အား ခေါ်ယူတွေ့ဆုံ၍ အားကစားနှင့်ပတ်သက်ပြီး စီမံကိန်းများရေးဆွဲကာ လုပ်ဆောင်သွားရမည့် လမ်းညွှန်ချက်များကို ပြောဆိုမှာကြားသွားခဲ့သည်။ ဗိုလ်ချုပ်ချမှတ်ခဲ့သော အားကစားစီမံကိန်းကို ဦးဇော်ဝိတ်က ဖော်ဆောင်ပေးခဲ့ရသည်။ ဗိုလ်ချုပ်သည် အားလပ်သည့်အချိန်များရရှိခဲ့လျှင် ဘောလုံး၊ အလေးမ၊ ဂျူဒို၊ လက်ဝှေ့နှင့်လှေပြိုင်ပွဲများကို သွားရောက်အားပေးခဲ့သည်လို့ သိရှိရပါသည်။

မျှော်မှန်းချက်ကြီးမားသော ဗိုလ်ချုပ်၏အားကစားစိတ်ဓာတ်ကို မီးမောင်းထိုးကြည့်ပါက လွတ်လပ်ရေးရပြီး သက်တမ်းတစ်လျှောက် လက်ဝှေ့အလေးမ ဘောလုံးအားကစားတို့မှာ "ရွှေ"ခေတ်ဖြစ်ခဲ့ရသည်။ အားကစားပြိုင်ပွဲများနှင့် ပတ်သက်၍လည်း ပြိုင်ပွဲအပေါ် ထားရှိရမည့် စိတ်ဓာတ်ကို ဗိုလ်ချုပ်ကြည့်ခဲ့သည့် ပုသိမ်လှေပြိုင်ပွဲနှင့် ဘောလုံးပွဲများ မြင်ကွင်းရှုကွင်းက ဖော်ပြခဲ့သည်။

"လှေပြိုင်ပွဲမှာဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်တာ နိုင်တဲ့လှေက ပန်းတိုင်မရောက်သေးဘူး၊ ရှေ့ကို နည်းနည်းလေးရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်။ ကြွားတယ်။ တစ်ခါရှုံးနေတဲ့နောက်က လှေကလည်းပဲ ကြိုးစားရင်ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါကွာဆိုပြီတော့ ခြေပစ်လက်ပစ်နဲ့ ဆက်မလှော်ချင်တော့ဘူး"

ဗိုလ်ချုပ်ပုံစံပြုမိန့်ကြားပြောဆိုခဲ့သော စကားများသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲဝင်ကြမည့် နိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် မောင်မယ်များကို အောင်နိုင်စိတ်ပေါ်ပေါက်စေရေးအတွက် အထူးမှတ်သားသင့်လှပါကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ပါသည်။ ။ (၇၀၁)

# ကမ္ဘာလှည့်ဖျော်ဖြေပွဲနောက်ဆုံးပွဲစဉ်တွင် ပုလဲခကာ ပြီးဆုံးစေခဲ့သည့် Kara



မျိုးစန္ဒာမောင်

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Kara သည် ၎င်းတို့၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲနောက်ဆုံးပွဲစဉ်ကို ဂျပန်နိုင်ငံတွင် ဖျော်ဖြေခဲ့ပြီး ဂျပန်ပရိသတ်များက အဆိုပါအဖွဲ့အား မျက်ရည်များဖြင့် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

Kara အဖွဲ့၏ အဆိုပါဂီတဖျော်ဖြေပွဲသို့ ပရိသတ် ခုနစ်ထောင်ကျော် တက်ရောက်ခဲ့ကြပြီး သီချင်းအပုဒ်ရေ ၂၇ ပုဒ်ဖြင့် ဖျော်ဖြေခဲ့ကြသည်။ ပရိသတ်များ မျက်ရည်ကျရခြင်းမှာ Kara အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နစ်ကိုးလ်သည် လာမည့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံသို့ ဂီတပညာဘာသာရပ် သွားရောက်လေ့လာမည်ဖြစ်သဖြင့် Kara အဖွဲ့မှ နှုတ်ထွက်မည့်အတွက် ဖြစ်ပြီး အခြားအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကမ်ဂျီယောင်းကလည်း မီဒီယာကုမ္ပဏီတစ်ခုနှင့်စာချုပ်ထားသဖြင့် လာမည့်ဧပြီလတွင် အဖွဲ့မှနှုတ်ထွက်ဦးမည်ဖြစ်ကြောင်းသိရသည်။

၎င်းတို့အနေဖြင့် ပရိသတ်များမှ အားအင်များရရှိခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ ပရိသတ်များနှင့် ပြန်လည်ဆုံတွေ့လိုပါကြောင်း Kara အဖွဲ့မှ အနုပညာရှင်များက စင်မြင့်ထက်မှ မျက်ရည်စများဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

## Her ဇာတ်ကားဖြင့် ရွှေကမ္ဘာလုံးဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည့် စကားလက်ဂျိုဟန်ဆန်

ဟောလိဝုဒ်ကြယ်ပွင့် စကားလက်ဂျိုဟန်ဆန်သည် မကြာမီက ကျင်းပပြီးစီးခဲ့သည့် ရောမရုပ်ရှင်ဆုပေးပွဲတွင် အသံဖြင့်သာ သရုပ်ဆောင်ရသည့် Her ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိခဲ့ပြီး ယခုတစ်ဖန် အော်စကာဆုအတွက် အလားအလာကောင်းများစွာရှိသည့် ရွှေကမ္ဘာလုံးဆုအတွက် ဆန်ခါတင်စာရင်းတွင် ထပ်မံပါဝင်နေပြန်သည်။

သို့သော် မင်းသမီး စကားလက်ဂျိုဟန်ဆန်သည် အဆိုပါ Her ဇာတ်ကားတွင် ဆမ်မန်သာအဖြစ် အသံဖြင့်သာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်ဖန်သားပြင်ပေါ်တွင် တစ်ခန်းမှ ပေါ်ထွက်လာခြင်းမရှိသည့်အတွက် ရွှေကမ္ဘာလုံးဆုမရတန်ရာဟု ဟောလိဝုဒ်မီဒီယာများက ဝေဖန်ရေးသားမှုများလည်း ရှိနေကြောင်း ဟောလိဝုဒ်ရီပိုတာ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

အကယ်၍ စကားလက်ဂျိုဟန်ဆန်သာ ရွှေကမ္ဘာလုံးဆုရရှိခဲ့ပါမူ သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မရဖူးသော ဖန်သားပြင်ပေါ်တွင် ဇာတ်ဝင်ခန်းတစ်ခန်းမှ ပေါ်ထွက်လာခြင်းမရှိသည့် ပထမဆုံးသောရွှေကမ္ဘာလုံးဆုရှင်ဖြစ်လာမည်ဖြစ်သည်။









## သူရိယနေဝန်း အပတ်စဉ်ထုတ်ဂျာနယ်၏ သက်ဆိုင်သူများသိစေရန်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ တိုက်(၄၁)၊ အခန်း(၁၀၁)နေ ဒေါ်ကေခိုင်ဝင်း [၁၂/ပဇတ(နိုင်)၀၂၇၆၅၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဤကြော်ငြာချက်ကို ကြေညာအပ်သည်မှာ-

သူရိယနေဝန်း အပတ်စဉ်ဂျာနယ်၏ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နှင့် ၉ ရက်ထုတ်တို့တွင် သူရိယနေဝန်းဂျာနယ်အား ထုတ်လုပ်ဖြန့်ချိသည့် တာဝန်ရှိသူတို့၏ဖော်ပြချက်တွင် ပုံနှိပ်-KK PRESS ဟု ဖော်ပြပါရှိရာ ပုံနှိပ်သူအတွက် မှတ်ပုံတင်သက်သေခံလက်မှတ်ရသူ ဒေါ်ကေခိုင်ဝင်း တည်ထောင်လုပ်ကိုင်လျက်ရှိသည့် KK ပုံနှိပ်တိုက်တွင် အဆိုပါ သူရိယနေဝန်းဂျာနယ်ကို ပုံနှိပ်ခြင်းအလျဉ်းမရှိ၍ သူရိယနေဝန်းဂျာနယ်တိုက်သို့ သွားရောက်ရာ ဂျာနယ်တိုက်မှပိတ်ထားပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါ။ သို့ဖြစ်၍ ဦးလေးဖြစ်သူ ဦးမျိုးလွင်နှင့် သူရိယနေဝန်းဂျာနယ်ပုံနှိပ်သူ ဦးစိန်မောင်(သူရိယနေဝန်းဂျာနယ်အား ပုံနှိပ်ပေးသူ ကောင်းခန့်ပုံနှိပ်တိုက်၏တာဝန်ခံ) အား စုံစမ်းဆက်သွယ်ရာ ၎င်းကိုယ်တိုင် လာရောက်တွေ့ဆုံ၍ ဒေါ်ကေခိုင်ဝင်းမှ KK ပုံနှိပ်တိုက်တွင် အမှန်တကယ် ပုံနှိပ်ခြင်းမဟုတ်ဘဲ ထိုသို့ဖော်ပြသည်ကို ရပ်တန်းကရပ်ရန်နှင့် ဂျာနယ်တွင် ဆက်လက်ဖော်ပြခြင်းမပြုရန် တောင်းဆိုရာ ဦးစိန်မောင်မှ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်ထုတ် သူရိယနေဝန်းဂျာနယ်တွင် ပုံနှိပ် KK PRESS ဟု ရိုက်နှိပ်ပြီးဖြစ်၍ ပြင်ဆင်ရန်မဖြစ်နိုင်၍ ခွင့်လွှတ်ပါရန် တောင်းပန်စကားဆိုခဲ့ပါသည်။ ထို့ကြောင့် ဦးစိန်မောင်အား သူရိယနေဝန်းဂျာနယ်၌ပင် အဆိုပါဂျာနယ်ကို KK PRESS ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခြင်းမဟုတ်ကြောင်းနှင့် ဖြစ်ခဲ့သည့်ဖြစ်ရပ်အတွက် သူရိယနေဝန်းဂျာနယ်တွင်ပင် ထည့်သွင်းတောင်းပန်စာဖော်ပြပေးရန် တောင်းဆိုခဲ့ရာ ဦးစိန်မောင်မှ လက်ခံခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်ထုတ် သူရိယနေဝန်းဂျာနယ် စာမျက်နှာ (၂၆)၊ ကော်လံ (၁၊ ၂၊ ၃)၏အောက်ခြေတွင် "ဒေါ်ကေခိုင် (ကေကေပုံနှိပ်)တိုက်၊ တိုက်(၄၁)၊ အခန်း (၁၀၁)၊ ဘိုကလေးဈေးလမ်းရှိ ဒေါ်ကေခိုင် (ကေကေပုံနှိပ်)တွင် သူရိယနေဝန်းဂျာနယ်ကို လုံးဝမရိုက်နှိပ်ဖူးပါကြောင်း ကြေညာအပ်ပါသည်"ဟု ဖော်ပြပါရှိလာပါသည်။

သူရိယနေဝန်းဂျာနယ်၏ လုပ်ရပ်သည် ကေကေပုံနှိပ်ဟု အပတ်စဉ်ထုတ် ဂျာနယ်(၃)စောင်တွင် အထင်အရှားဖော်ပြပါရှိပါလျက် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်ထုတ် သူရိယနေဝန်းဂျာနယ်တွင် ကေကေပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်၍ ဖော်ပြပါရှိချက်သည် တောင်းပန်ရမည့်အစား အမှန်ကိုငြင်းကွယ်လျက် ဂျာနယ်(၃)စောင်ပါ ဖော်ပြချက်အပေါ် မမှန်မကန်ထည့်သွင်းကြေညာရာ ရောက်ပါသည်။

ကေကေပုံနှိပ်တိုက်တွင် သူရိယနေဝန်းဂျာနယ်ကို ပုံနှိပ်ခြင်းမဟုတ်ဘဲပုံနှိပ်ကြောင်း KK PRESS ဟု ဖော်ပြပါရှိခြင်းအပေါ် ရှင်းလင်းရန်နှင့်တောင်းပန်ရန် KK PRESS မှ အသိပေးအကြောင်းကြားခြင်းသာ ဖြစ်ပါသည်။ KK PRESS ၏တောင်းဆိုမှုကို သူရိယနေဝန်းဂျာနယ်အနေဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း သူရိယနေဝန်းဂျာနယ် (၃)စောင်ပါ "ပုံနှိပ်-KK PRESS"ဟု ဖော်ပြပါရှိခြင်း၊ KK PRESS ၏အမည်ကို သုံးစွဲမိခြင်းနှင့်ပတ်သက်၍ နေ့စဉ်ထုတ် မြန်မာ့အလင်း/ ကြေးမုံ/သူရိယနေဝန်းဂျာနယ်တို့တွင် ရှင်းလင်းတောင်းပန်သည့်စာ ထည့်သွင်းပေးရန် သူရိယနေဝန်းဂျာနယ်၏ တာဝန်ရှိသူတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

သူရိယနေဝန်းဂျာနယ်တာဝန်ရှိသူတို့အနေဖြင့် "ကေကေပုံနှိပ်လုပ်ငန်း"၏ တောင်းဆိုချက်ကို လိုက်နာရန် ပျက်ကွက်မည်ဆိုပါက "ကေကေပုံနှိပ်လုပ်ငန်း"လုပ်ကိုင်သူ ဒေါ်ကေခိုင်ဝင်းအနေဖြင့် အဆိုပါလုပ်ရပ်ကြောင့် ထိခိုက်နစ်နာမှုအရပ်ရပ်တို့အတွက် သူရိယနေဝန်းဂျာနယ်၏ တာဝန်ရှိသူတို့အပေါ် ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်ဇော်
**B.Sc, H.G.P, R.L, D.B.L, D.M.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၃၀)
အမှတ်-၈၃၊ (ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၇၉၆

## စီးရီးအေ ရင်ခုန်သံ - ၁၄

**စီး[illegible] ကလည်း ရှုံးပွဲကြုံတယ်။ အင်တာမီလန်က သရေ၊ အသင်းကြီးအချို့ရလဒ်ပိုင်းတွေ မငြိမ်ခဲ့ဘူး။ ဒီတော့ ဒီအသင်းတွေပွဲစဉ် ၁၄ မှာရော ဘယ်လိုဖြစ်လာမလဲ။ အထူးသဖြင့် လာဇီယိုကွင်းမှာ ရင်ဆိုင်ရမယ့် နာပိုလီရဲ့ ရလဒ်ပိုင်းက စိတ်ဝင်စားဖို့ကောင်းတယ်။**

ရှိုင်း
မင်း
မင်း

### ပါးမား - ဘိုလော့နာ — ည ၁၁း၃၀ (၃၀-၁၁-၂၀၁၃)

ဘိုလော့နာနိုင်ပွဲပျောက်နေတာမှန်ပေမယ့် နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာရှုံးတဲ့ခံကစားအားက သတိပြုချင်စရာကောင်းတယ်။ ပါးမားက အိမ်ကွင်းဖြစ်တာမှန်တယ်။ ဒါပေမယ့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နှစ်ပွဲပဲနိုင်တယ်။ ဒီတော့ ပါးမားနိုင်ရင်တောင် မပြတ်သားနိုင်တဲ့အတွက် ဘိုလော့နာနဲ့ ရပ်တည်ချင်တယ်။

### ဂျီနိုအာ - တိုရီနို — နံနက် ၂း၁၅ (၁-၁၂-၂၀၁၃)

ဂျီနိုအာခြေကောင်းနေတယ်။ နောက်ဆုံးလေးပွဲမှာ အရှုံးမရှိ သုံးပွဲနိုင်တယ်။ ပြီးတော့အိမ်ကွင်း၊ တိုရီနိုက ဇယားအောက်ဆုံးက ကာတာနီးယားကို ဂိုးပြတ်နိုင်ပေမယ့် ခြေကသာမန်ပဲ။ အထူးသဖြင့် နောက်ဆုံး ငါးပွဲမှာ အဲဒီတစ်ပွဲသာနိုင်ခဲ့ပုံက မတည်ငြိမ်မှုကို ပြနေတယ်။ ဂျီနိုအာပဲရွေးမယ်။

### ကာတာနီးယား - အေစီမီလန် — ည ၆း၀၀ (၁-၁၂-၂၀၁၃)

အေစီမီလန်က ပရိသတ်ရဲ့ လှောင်ပြောင်မှုကိုပါ ခံနေရပြီ။ ဒီတော့ သူတို့အတွက် နိုင်ပွဲမဖြစ်မနေရှာဖို့ လိုတယ်။ ပြောရရင် ကာတာနီးယားက ဇယားအောက်ဆုံးကအသင်း၊ ဒီလိုအသင်းမျိုးကိုမှ မနိုင်ရင် အေစီမီလန်ပိုရှင်းရခက်မယ်။ ဒီတော့ အေစီမီလန်ရဲ့ ရှန်းထွက်အားအပြင် ဂိုးအများကို ရွေးမယ်။

### အတ္တလန္တာ - ရိုးမား — ည ၇း၃၀ (၁-၁၂-၂၀၁၃)

အတ္တလန္တာမှာ ရိုးမားကိုတုံ့ပြန်နိုင်တဲ့ အားရှိပါ့မလား။ အထူးသဖြင့် နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာနိုင်ပြီး သုံးပွဲရှုံးထားတဲ့ ခြေအရအိမ်ကွင်းမှာတောင် တစ်စုံတစ်ရာပြုမူနိုင်ဖို့ ခက်တယ်။ ဒီတော့ အမှတ်အချို့ဆုံးရှုံးခဲ့ရမှုကို ပြန်လည်ဖာထေးမယ့် ရိုးမားနဲ့ပဲ ရပ်တည်ချင်တယ်။ ဂိုးများမယ်။

### ကယ်ဂလီယာရီ - ဆာစူအိုလို — ည ၇း၃၀ (၁-၁၂-၂၀၁၃)

ဆာစူအိုလိုခြေကို လျှော့တွက်လို့ရပါ့မလား။ သူတို့ဟာ နောက်ဆုံးသုံးပွဲမှာ အရှုံးမရှိ နှစ်ပွဲနိုင်တယ်။ အဲဒီသုံးပွဲမှာ ရိုးမားကို သရေကစားပြတယ်။ ကယ်ဂလီယာရီက နောက်ဆုံးလေးပွဲမှာသုံးပွဲရှုံးတယ်။ ဒီတော့ အိမ်ကွင်းဖြစ်ပေမယ့် ကယ်ဂလီယာရီတို့ ဆာစူအိုလိုကို အသာရပါ့မလား။ အမြင့်ဆုံး သရေပေါ့။

### ခီယေဗို - လီဗော်နို — ည ၇း၃၀ (၁-၁၂-၂၀၁၃)

လီဗော်နိုက နောက်ဆုံး ငါးပွဲမှာ သုံးပွဲရှုံးတယ်။ အဝေးကွင်း ခြောက်ပွဲမှာ လေးပွဲတိတိရှုံးတယ်။ ဒီတော့ သူတို့အဝေးကွင်းမှာ ဘယ်အထိတောင့်ခံနိုင်မလဲ။ တစ်ခုတော့ရှိတယ်။ ခီယေဗိုကလည်း အဆင့် (၁၉) ရောက်နေတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲနိုင်တယ်ဆိုတော့ သူတို့မှာလည်း အိမ်ကွင်းအားတစ်ခုပဲမျှော်လင့်နိုင်မယ်။ ဒါပေမယ့် အဲဒီအားတစ်ခုတည်းနဲ့ပဲ အရဲစွန့်မယ် ။

### အင်တာမီလန် - ဆမ့်ဒိုးရီးယား — ည ၇း၃၀ (၁-၁၂-၂၀၁၃)

အင်တာမီလန်နိုင်ပွဲပြန်ရှာမှာ သေချာတယ်။ အထူးသဖြင့် အိမ်ကွင်း။ ဆမ့်ဒိုးရီးယားက အဲဒီအင်တာရဲ့အားကို တုံ့ပြန်နိုင်စွမ်းမရှိနိုင်ဘူး။ အထူးသဖြင့် နောက်ဆုံးလေးပွဲမှာ နိုင်ပွဲမဲ့ပြီးသုံးပွဲရှုံးသလို အဝေးကွင်းမှာလည်း နှစ်ဂိုးပဲ ရတဲ့တိုက်စစ်က အားနည်းလွန်းနေတယ်။ အင်တာမီလန်သေချာတယ်။

### ဂျူဗင်တပ် - အူဒီးနီးစ် — နံနက် ၂း၁၅ (၂-၁၂-၂၀၁၃)

ဂျူဗင်တပ်ရဲ့အိမ်ကွင်းအားက ခြောက်ပွဲမှာ ခြောက်ပွဲလုံးအနိုင်။ နောက်ဆုံး ငါးပွဲဆက်တိုက်လည်းနိုင်တယ်။ ချန်ပီယံလိဂ်မှာနိုင်ပွဲရဖို့မဖြစ်မနေ အားစိုက်ရမှုကြောင့် ပွဲပန်းလာမယ့်အချက်တစ်ခုသာ သံသယဖြစ်စရာရှိတယ်။ ဒါပေမယ့်အူဒီးနီးစ်က အဝေးကွင်း ခြောက်ပွဲမှာ ငါးပွဲရှုံးထားတဲ့အသင်း။ ဂျူဗင်တပ်လည်းသေချာတယ်။

### ဖီအိုရင်တီးနား - ဗီရိုနာ — နံနက် ၀၀း၃၀ (၃-၁၂-၂၀၁၃)

ဗီရိုနာကနှစ်ပွဲဆက်အရှုံးနဲ့ခြေအကျဘက်မှာ။ အထူးသဖြင့်အဝေးကွင်း ခြောက်ပွဲမှာသူတို့ဟာ တစ်ပွဲပဲနိုင်ပြီး လေးပွဲရှုံးတယ်။ ဖီအိုရင်တီးနားက အိမ်ကွင်း။ နိုင်ပွဲပြန်ရှာရမယ့်အချက်လည်းရှိတယ်။ ဥရောပပွဲကစားခဲ့ရလို့ ပွဲပန်းလာမှုရှိ နိုင်ပေမယ့် ဖီအိုရင်တီးနားပဲနိုင်ပွဲရမယ်။

### လာဇီယို - နာပိုလီ — နံနက် ၂း၃၀ (၃-၁၂-၂၀၁၃)

နှစ်ပွဲဆက်အရှုံးကိုနာပိုလီခြေဖျက်နိုင်မလား။ အထူးသဖြင့် ချန်ပီယံလိဂ်မှာ မဖြစ်မနေနိုင်ပွဲရဖို့အားစိုက်ခဲ့ရမှုကြောင့် ပွဲပန်းလာမယ့်အချက်ရှိတယ်။ လာဇီယိုက နောက်ဆုံးလေးပွဲမှာ နိုင်ပွဲမရခဲ့ဘူးဆိုတာတောင် အဲဒီလေးပွဲမှာတစ်ပွဲပဲရှုံးတယ်၊ အိမ်ကွင်းမှာလည်းတစ်ပွဲသာအရှုံးရှိတယ်။ နာပိုလီ သရေထက်မပိုဘူး။

## လေဗာကူဆင်ကိုဂိုးပြတ်နိုင်ပွဲရယူကာ မန်ယူအသင်း (၁၆) သင်းအဆင့်တက်ပြီ

ငွေကြယ်

***ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်လေဗာကူဆင်အသင်းအား ငါးဂိုးပြတ်အနိုင်ရရှိကာ ချန်ပီယံလိဂ် (၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ရပ် ရရှိပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။***

မန်ယူအသင်းသည် ယင်းပွဲစဉ်တွင် တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ၊ ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်၊ ဗီဒစ် စသည့်ကစားသမားများ ဒဏ်ရာပြဿနာကြုံနေရသဖြင့် ရွန်းနီ၊ ကာဂါဝါ၊ ဗလင်စီယာ၊ ဖီးလ်ဂျုံး၊ ဂစ်၊ နာနီ၊ အီဗရာ၊ အီဗန်၊ ဖာဒီနန်၊ စမောလင်း စသည့်ကစားသမားများကို ပွဲထွက်ကစားစေခဲ့ရာ ပွဲစပြီး ၂၂ မိနစ်မှာပင် ဗလင်စီယာ၏သွင်းဂိုးဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး မိနစ် ၃၀ တွင် လေဗာကူဆင်နောက်ခံလူ စပါးဟစ်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သည့်အမှားကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် မန်ယူအသင်းအဝေးကွင်း၌ နှစ်ဂိုးပြတ်ဖြင့်ဦးဆောင်ထားနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် အိမ်ရှင်လေဗာကူဆင်အသင်းသည် ချေပဂိုးများပြန်လည်ရရှိနိုင်ရေး ခြေကုန်ထုတ်ကစားခဲ့သော်လည်း ချေပဂိုးမရရှိခဲ့သည့်အပြင် ပွဲကစားချိန် ၆၅ မိနစ်၊ ၇၇ မိနစ်နှင့် ၈၈ မိနစ်တို့တွင် အီဗန်၊ စမောလင်းနှင့် နာနီတို့၏ သွင်းဂိုးများကို ထပ်မံခွင့်ပြုပေးလိုက်ရပြီး ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့၍ မန်ယူအသင်းက လေဗာကူဆင်အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိကာ ချန်ပီယံလိဂ် (၁၆)သင်းအဆင့်သို့ တက်လှမ်းရန်သေချာသည့်အခွင့်အရေး တစ်ရပ်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂါလာတာစာရေးတို့၏ ပွဲစဉ်တွင် အိမ်ကွင်း၌ယှဉ်ပြိုင်ကစားရသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲပယ်ဖြစ်ဒဏ်ကျခံထားရသော မိုဒရစ်၊ ဒဏ်ရာရနေသော ခီဒီယာတို့မပါဝင်နိုင်ခဲ့သည့်အပြင် ပွဲကစားချိန် ၂၆ မိနစ်တွင် ဆာဂျီယိုရာမို့စ် တိုက်ရိုက်အနီကတ်ပြခံခဲ့ရခြင်းကြောင့် တစ်ယောက်လျှော့ဖြင့် ကစားခဲ့ရသော်လည်း ဂါရတ်ဘေးလ်၊ အာဘီလိုဝါ၊ ဒီမာရီယာ၊ အစ္စကို စသည့်ကစားသမားများ၏ သွင်းဂိုးများဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက ဂါလာတာစာရေးအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ် (၁၆) သင်းအဆင့် တက်လှမ်းမည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။



အစိုးရကြော်ငြာ

# တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံသင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့မှခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ည) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၂၉) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်တို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၂-၂၀၁၃ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၀-၁-၂၀၁၄ ရက်နေ့မှ ၁၁-၁-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁-၂၀၁၄ ရက်နေ့မှ ၂၄-၁-၂၀၁၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သူနာပြုသိပ္ပံဘွဲ့ **(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၆၅၀၀၀)ကျပ်၊ ဒုတိယနှစ်(၆၆၀၀၀)ကျပ်၊ တတိယနှစ် (၆၇၀၀၀) ကျပ်၊ စတုတ္ထနှစ်(၆၈၀၀၀)ကျပ် ရရှိမည်။ (၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသောအပိုထောက်ပံ့ကြေး (၃၀၀၀၀) ကျပ်ကို ခံစားခွင့်ရှိသည်။ သင်တန်းတက်စဉ်ကာလတွင် နေရေး၊ စားရေး၊ သွားလာရေး၊ သင်တန်းသုံးဝတ်စုံတို့ကို တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမည်။)

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု **(Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက သူနာပြုမဟာသိပ္ပံဘွဲ့ **(Master of Nursing Science)** နှင့် သူနာပြုပါရဂူဘွဲ့ **(Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။ ရာထူးခန့်ထားရေး စည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ် အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်ပြီး ရာထူးအဆင့်အလိုက် လစာနှုန်းထားများ ခံစားခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



# ကလေးမြို့ ဟိုင်မွာလ်ဂျစ်ကားများ ကုန်စည်ပို့ဆောင်မှုအောင်မြင်လျက်ရှိ

**ကလေး နိုဝင်ဘာ ၂၈**

ကလေးမြို့ စက်မှုဇုန်မှ ထုတ်လုပ်သော ဟိုင်မွာလ်ဂျစ်ကားများသည် တောင်တက်တောင်ဆင်းလမ်းများအတွက် အထူးထုတ်လုပ်ထားသည့် ဂျစ်ကားဖြစ်ပြီး ကလေးမြို့မှ ချင်းပြည်နယ်၊ အိန္ဒိယနယ်စပ်ရိဒ်ခေါဒါရ်းကျေးရွာမှ တစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်သို့ ရောင်းချမည့်ကုန်ပစ္စည်းများ ပို့ဆောင်ရန်အတွက် အသုံးများလျက်ရှိသည်။

အဆိုပါ ဟိုင်မွာလ်ဂျစ်ကားများသည် တောင်တက်တောင်ဆင်းလမ်းများအတွက် အထူးထုတ်လုပ်ထားသည့် ကားများဖြစ်သည်နှင့်အညီ မတ်စောက်သော တောင်တက်လမ်းများတွင် နိုင်နင်းစွာ မောင်းနှင်နိုင်ပြီး မိုးတွင်းအချိန် ထူထပ်သော ရွှံ့ဗွက်များကိုလည်း လွယ်ကူစွာ ရုန်းထွက်နိုင်ကာ ကျဉ်းမြောင်းသောလမ်းများတွင် အဆင်ပြေစွာ အသုံးပြုနိုင်သည့် အထူးဂျစ်ကားများ ဖြစ်သည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ မီဇိုရမ်းပြည်နယ်သို့ ယင်းဟိုင်မွာလ်ဂျစ်ကားများဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်သည့် ခရီးသွားပြည်သူများ၏ ကုန်ပစ္စည်းများဖြစ်သော စားသောက်ကုန်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ လျှပ်စစ်ပစ္စည်းများစသည်ဖြင့် ကုန်ပစ္စည်းမျိုးစုံကို ကုန်အပြည့် တင်ဆောင်လျက် တစ်နေ့လျှင် လေးစီး၊ ငါးစီးကျော် ပုံမှန်ပြေးဆွဲလျက် ရှိကြသည်။

ယခုအချိန်တွင် ပွင့်လင်းရာသီဖြစ်သည်နှင့်အညီ အဆိုပါယာဉ်လိုင်းမှ ပြေးဆွဲလျက်ရှိကြသည့် ဟိုင်မွာလ်ဂျစ်ကားပိုင်ရှင်များနှင့် ကုန်စည်ကူးသန်းရောင်းဝယ်သူများသည် စီးပွားရေး အဆင်ပြေလျက်ရှိကြပြီး ကူးသန်းသွားလာသူ များပြားလျက်ရှိကြကြောင်းသိရသည်။ **ဂျိုးနက်**

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြု မန္တလေး-နေပြည်တော် ဝှီးချဲစွမ်းရည်ပြအဖွဲ့ထွက်ခွာ

**မန္တလေး နိုဝင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မန္တလေး)တို့ ပူးပေါင်း၍ မန္တလေး-နေပြည်တော် ဝှီးချဲစွမ်းရည်ပြသခြင်း ခရီးစဉ်ထွက်ခွာခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၅နာရီခွဲက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၉လမ်းနှင့် ၃၄လမ်းထောင့်၊ ရွှေမင်းသားဖောင်ဒေးရှင်း (အထက်မြန်မာပြည်) မန္တလေးရုံးခွဲရှေ့၌ ကျင်းပသည်။

မန္တလေး-နေပြည်တော် ဝှီးချဲစွမ်းရည်ပြ မသန်စွမ်းအဖွဲ့သည် သုံးဘီး Wheel Chair အသုံးပြုသူ ခြောက်ဦး၊ စက်ဘီးအသုံးပြုသူ တစ်ဦး၊ စုစုပေါင်းမသန်စွမ်း ခုနစ်ဦးတို့သည် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၉လမ်းမှ လမ်း ၃၀ ဘူတာရုံကြီးအဝိုင်းပတ်မှ ၇၈လမ်း ရန်ကုန်-မန္တလေးလမ်းအတိုင်း ဝှီးချဲစွမ်းရည်ပြ သွားရောက်ကြရာ ပညာရေးကောလိပ်(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးမြို့သူ၊ မြို့သားများက လမ်းဘေးဝဲယာမှ အားပေးကြသည်။

မသန်စွမ်း ဝှီးချဲစွမ်းရည်ပြအဖွဲ့သည် နိုဝင်ဘာ ၂၆ရက်တွင် ကျောက်ဆည်၊ ၂၇ ရက်တွင် ဝမ်းတွင်း၊ ၂၈ရက်တွင် မိတ္ထီလာ၊ ၂၉ ရက်တွင် ရမည်းသင်း၊ ၃၀ ရက်တွင် တပ်ကုန်း၊ ဒီဇင်ဘာ ၁ရက်တွင် လယ်ဝေး၊ ဒီဇင်ဘာ ၂ ရက်တွင် နေပြည်တော်သို့ ပန်းဝင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# မန္တလေးမြို့ ဘူတာကြီးအဝိုင်းပတ်တွင်ဆီးဂိမ်းကြိုဆိုရေးအထိမ်းအမှတ်အလံများစိုက်ထူ



**မိတ္ထီလာ နိုဝင်ဘာ ၂၈**

မန္တလေးမြို့တွင် လာမည့်ဆီးဂိမ်း ၌ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ မန္တလေး ဘူတာကြီးအဝိုင်းပတ်တွင် ဆီးဂိမ်းကြိုဆိုရေး အထိမ်းအမှတ်အလံများ စိုက်ထူထားရှိသည်ကို နိုဝင်ဘာ စတုတ္ထပတ် တတိယမြောက်နေ့က တွေ့မြင်ရသည်။(ဓါတ်ပုံ)

ဆီးဂိမ်းပြိုင်ပွဲအား အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် မြန်မာနိုင်ငံ အပါအဝင် ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီယား၊ ဗီယက်နမ် စသည့်နိုင်ငံများ၏ နိုင်ငံတော်အလံများ ဆီးဂိမ်းကြိုဆိုရေး အထိမ်းအမှတ်အလံများကို စိုက်ထူထားခြင်းဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

**အစိုးရ/စီးပွားရေးကြော်ငြာ**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**
**(၁၄/၂၀၁၃)**

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-112(2013-2014) | Transmission for Komatsu Dozer | (1) Unit | US$ |
| (၂) | IFB-113(2013-2014) | Torque Convertor for Komatsu Dozer | (1) Unit | US$ |
| (၃) | IFB-114(2013-2014) | National Torque Convertor for CAT D 3508 Rig Engine | (3) Nos | US$ |
| (၄) | IFB-115(2013-2014) | GM 6 V 71 Engine | (2) Sets | US$ |
| (၅) | IFB-116(2013-2014) | GM 6 V 53 Engine | (4) Sets | US$ |
| (၆) | IFB-117(2013-2014) | Mud Agitator Unit (With Motor Driven) (7.5 KW) | (3) Lots | US$ |
| (၇) | IFB-118(2013-2014) | Shore Water Pump (1000gpm, 200 ft head) Centrifugal Water Pump With 80 HP Motor Driven | (1) Lot | US$ |
| (၈) | IFB-119(2013-2014) | Skid Mounted Crude Transfer Pump (400 gpm, 400 ft Head With Engine Driven) | (1) Lot | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
ဆေးနှင့်ဆေးဝါးပစ္စည်း၊ Fax Film၊ Tyre & Battery၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံး/ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည့်အိတ်ခွံနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။
၂။ တင်ဒါပုံစံထုတ်ပေးရက် -၂၈-၁၁-၂၀၁၃ရက်
၃။ တင်ဒါပိတ်ရက် -၂၇-၁၂-၂၀၁၃ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။
(က)အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်-၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ)နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၂၂၁၂၆
(ဂ)ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ)စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၂၉၇၀

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ သရဖီလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/ဘီ၊ မြေကွက်အမှတ်-၅၄၂/၃၊ မြေဧရိယာ(၀. ၅၇၀) ဧကရှိ ဦးမြင့်သန်း[၁၂/မဘန(နိုင်)၀၆၉၃၇၇]အမည်ပေါက် နှစ်(၆၀)အငှားဂရန်မြေနှင့် မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/ဘီ၊ မြေကွက်အမှတ်-၅၄၂/၄၊ မြေဧရိယာ (၀. ၆၅၂ဧက)ရှိ ဦးသီဟဇော်[၁၄/ဒဒရ(နိုင်)၁၆၉၄၇၃]အမည်ပေါက် နှစ်(၆၀)အငှားဂရန်မြေတို့နှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်နေ ဦးလှရှိန်[၁၂/မဂဒ(နိုင်) ၀၆၉၅၈၄]၊ ဦးအေးဝင်း[၁၂/မဂဒ(နိုင်)၀၆၇၁၄၂]၊ ဦးခင်မောင်လွင်[၁၂/မဂဒ(နိုင်)၀၆၃၆၀၂]၊ ဦးတင်မြင့်[၁၂/မဂဒ(နိုင်)၀၆၉၅၈၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ခေါင်းစီးပါမြေကွက်များနှင့်ပတ်သက်ပြီး ထပ်မံရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရန်အတွက် ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများ မည်သူမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှရှိန်၊ ဦးအေးဝင်း** **ဒေါ်နမ့်ဖြူပြာမြင့်(LL.B) ဒေါ်နှင်းဇာခြည်မြင့်(LL.B,D.B.L)**
**ဦးခင်မောင်လွင်၊ ဦးတင်မြင့်** **တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**(စဉ်-၈၀၃၀) (စဉ်-၃၇၀၆၅)**
**အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၅၇၁၀၁၅၄၊ ၀၉-၇၃၁၀၅၅၈၃**

Seven စံ
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ။
**ဖုန်း- ၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**

**ဝယ်လိုသည်**
**ဒဂုံမြို့သစ်မြောက်ပိုင်း**
**ရှိမြေကွက်ဝယ်လိုသည်။**
**ဖုန်း- [illegible]**

**ကွန်ပျူတာပျက်လျှင်**
**ဖုန်းဆက်လိုက်ပါ။**
**ဖုန်း- ၇၀၀၈၈၇၊**
**၀၉-၅၁၅၂၈၆၅**

# (ပခုက္ကူ-မြိုင်-ကျောသာ)ယာဉ်ရထားကြီးပုံမှန်ပြေးဆွဲနေ့ချင်းသွား/ပြန်နိုင်

မြိုင် နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်အတွင်း မြန်မာ့မီးရထားလုပ်ငန်းမှ ပခုက္ကူ-မြိုင်-ကျောသာ ခရီးစဉ်ကို နေ့စဉ်ပုံမှန် ပခုက္ကူမှနံနက် ၅ နာရီမှ စတင်၍ ထွက်ခွာရာမြိုင်သို့ နံနက် ၆ နာရီခွဲတွင်ရောက်ရှိပြီး မြိုင်မှ နံနက် ၆ နာရီ မိနစ် ၄၀ မှစ၍ ကျောသာသို့ ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၄၀ မိနစ်၌ ရောက်ရှိခဲ့ကြောင်းသိရသည်။

ထို့နောက်ကျောသာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် မြိုင်မြို့သို့ ထွက်ခွာရာ ညနေ ၅ နာရီ မိနစ် ၂၀တွင် ရောက်ရှိကာ မြိုင်မှ ပခုက္ကူသို့ ညနေ ၅ နာရီခွဲတွင် ထွက်ခွာရာည ၇ နာရီခန့်တွင် ရောက်ရှိခဲ့သဖြင့် ယခင်အချိန်က တစ်ညအိပ်သွားလာရသည့် ခရီးစဉ်အား ယခုအခါ နေ့ချင်းသွား/ပြန်လိုရာ ခရီးနှင်နိုင်ပြီဖြစ်သည်။ အဆိုပါရထားကြီး ပြေးဆွဲခနှုန်းထားမှာ ပခုက္ကူမှမြိုင်သို့ လူတစ်ဦးလျှင် ကျပ် ၅၀၀/-မြိုင်မှ ကျောသာသို့လူတစ်ဦးလျှင် ကျပ် ၇၀၀/-ဖြင့် ပြေးဆွဲနေရာ ပခုက္ကူ-မြိုင်-ကျောသာ ခရီးစဉ်အတွက် ငွေကျပ် ၉၅၀/-ဖြင့် ကျေးလက်ပြည်သူများနှင့် မြို့နေပြည်သူများပါ ဈေးနှုန်းချိုသာစွာဖြင့် လိုရာခရီးသက်တောင့်သက်သာချောမောစွာ ခရီးသွားလာနိုင်ပြီး၊ ယာနယ်ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် ယာဖျာ၊နှီးယိုင်လိပ်၊မျှစ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊အာလူး၊ ယာပြောင်းဖူး၊ ဖရုံ၊သခွါး၊ဗူးစသည့် ယာနယ်ထွက်ကုန်များကို ပခုက္ကူ၊ မြိုင်မြို့များသို့ သယ်ယူရောင်းချသကဲ့သို့ ယာနယ်ဒေသမှလည်း ဆန်၊ဆီ၊ဆား၊ လူသုံးကုန်ပစ္စည်းများကို ပြန်လည်တင်ပို့ရောင်းချလျှက်ရှိနေသည်။ ယာနယ်ဒေသနှင့် မြေပြန့်ဒေသမြိုင်၊ ပခုက္ကူမြို့သို့ ဒေသစီးပွားချင်းအပြန်အလှန်ဆက်သွယ်ရာတွင် လည်းကောင်း၊ လူမှုရေး၊ကျန်းမာရေးကအစ ယခင်နှင့်မတူလွယ်လင့်တကူသွားလာနိုင်မည်ဖြစ်သဖြင့် မြို့ပြနှင့် ကျေးလက်ပါ မကျန်ဖွံ့ဖြိုးစည်ပင်လာပြီဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။**(အောင်-မန်းတက္ကသိုလ်)**



# ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့်ကွင်းပြပွဲ

**တောင်သာ နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အိုးဘိုကျေးရွာအုပ်စုအတွင်းရှိ တောင်သူဦးအောင်ကြည်၏ ပုလဲသွယ်စပ်မျိုးစပါး(GAP)စိုက်ကွင်း (၂. ၄၃)ဧကကွင်းတွင်စံကွက်ရိတ်သိမ်းပွဲနှင့် ကွင်းပြပွဲကို နိုဝင်ဘာလ ၂၅ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲနှင့်ကွင်းပြပွဲ၌ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျင်မောင်က မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးရေး၊ စပ်မျိုးထုတ်လုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးမှ(GAP) စိုက်ဧကများနှင့် တစ်ဧကထွက်နှုန်းတိုးတက်ထွက်ရှိရေးအတွက်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များအတိုင်း စိုက်ပျိုးကြရေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စုပေါင်း၍စံကွက်ရိတ်သိမ်းကြရာ ပုလဲသွယ်စပ်မျိုးစပါးတစ်ဧကအထွက်နှုန်း တင်း ၁၈၀ ထွက်ရှိကြောင်းသိရသည်။

**ဇော်မင်းနိုင်**

**ဥတုရာသီ**
**တောကိုမှီ၏**

# ကျူရှင်စနစ်ချုပ်ငြိမ်းရေး ကြိုးစားကြပါစို့

ကျွန်တော်တို့ ငယ်စဉ်ပညာသင်စဉ်က ကျူရှင်ဆိုတာ သိလည်းမသိ၊ ကြားလည်းမကြားဘူး၊ ရှိလည်းမရှိခဲ့ပါ။ တကယ်တော့ ကျူရှင်ရဲ့ အဓိပ္ပါယ်က ပညာသင်ကြားခြင်းပါပဲ။ ထိုထက်ပို၍ အဓိပ္ပါယ်ဖွင့်၍မရပါ။ ၂၅-၁၀-၂၀၁၃နေ့ထုတ်ကြေးမုံသတင်းစာမှာ "မြန်မာ့ပညာရေးမိဘများနှင့်ကျူရှင်" ခေါင်းစဉ်ဖြင့်(မိတ္ထီလာတက္ကသိုလ်)က ဒေါက်တာမောင်သင်းကတော့ ကျူရှင်ဟာ တန်ဆေးလွန်ဘေးဟု ဖော်ပြထားပါသည်။ ကျွန်တော့်အမြင်အရတော့ ဒီကနေ့မြန်မာနိုင်ငံမှာ တွင်ကျယ်နေသည့် ကျူရှင်စနစ်လုံးဝပျက်သုဉ်းဖို့ လိုပြီဖြစ်ကြောင်း ဦးစွာပထမဖော်ပြပါရစေ။

၁၉၆၂-ခုနှစ်မတိုင်မီ (၉)တန်း(၁၀)တန်းကျောင်းသား အရွယ်များအတွက်ပြန်လည်ရှင်းလင်းရန် လိုအပ်သည်များပြီးစီးရန်ရက်၊ နေ့၊ လ အတွင်း မပြီးစီးသည့် ဘာသာရပ်များကို ဆရာများက စေတနာထား၍ ဆရာနှင့်ကျောင်းသားတိုင်ပင်ညှိနှိုင်းပြီး ကျောင်းပိတ်ရက်စနေ၊ တနင်္ဂနွေနေ့များတွင် သင့်တော်တဲ့အချိန်၊ သင့်တော်သည့်နာရီမျှဖြင့် အချိန်ပိုခေါ်၍ အခမဲ့စေတနာထား သင်ကြားခဲ့ပေသည်။ ပြဋ္ဌာန်းစာအုပ်များကလည်း ထိုအတန်း၊ထိုကျောင်းသားအတွက် ယေဘုယျအားဖြင့် နားလည်မှုလုံလောက်ပေသည်။ ကျောင်းသားတစ်ယောက်(Top Ten)ဝင်လိုလျှင် မိမိရဲ့အိမ်မှာ တစ်နေ့စာကြည့်ချိန် နေ့စဉ်(၄)နာရီမှ (၅)နာရီကြားဆိုလျှင် အလွန်လုံလောက်ပေပြီ။

ကျွန်တော်တို့နိုင်ငံမှာ ကျူရှင်စနစ်တွင်ကျယ်လာတဲ့အချိန် ကျောင်းသားတစ်ယောက်ဟာစင်ကာပူနိုင်ငံ(NUS)မှာမဟာဘွဲ့ယူရန် သွားရောက်ခဲ့ရပြီး၊ထိုနိုင်ငံမှာလည်း ကျူရှင်လုံးဝမရှိခဲ့၊ သေချာတာကတော့ ထိုကျောင်းသားဟာကျူရှင်မယူခဲ့ရသည့်အပြင် အာဆီယံစကောလားရှစ်တောင်ရခဲ့ပါသေးသည်။ အမေရိကန်ရောက်ပြန်တော့ နယူဂျာစီ STEVEN တက္ကသိုလ်မှာ Ph.D တက်တော့လည်း ကျူရှင်လည်းမရှိ ကျူရှင်လည်းမယူခဲ့ရသည့်အပြင် Research Article (၁၃)စောင် အများဆုံးပြုစုမှုဖြင့် အောင်မြင်ခဲ့ပြီး Reward ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ပေသည်။

အကြံပြုချင်တာက ကျူရှင်စနစ်ပျက်သုဉ်းဖို့အတွက် ပြဋ္ဌာန်းစာအုပ်များ ပြန်လည်စိစစ်သင့်ဖို့လိုပါမည်။ အချိန်တို့၊အင်အားတို့နဲ့ကိုက်ညီဖို့လိုပါမည်။ အခုတော့ မိဘတွေကြည့်လိုက်လည်း တစ်ချို့ဆို ကလေးနဲ့အတူရောပြီး စာကျက်နေရပါသည်။ ငွေကုန်လူပင်ပန်းလှပါသည်။ ကလေးတွေခမြာလည်း အားမရှိ၊အင်မရှိ ကြက်တူရွေးစာအံဖြစ်နေပါပြီ၊ EQ ဆိုတဲ့ Emotimal Quotient ဆိုတာမရှိတော့ပါ။ ကိုယ်ပိုင်တွေးခေါ်မှုကလည်း ဆိတ်သုဉ်းပေပြီ။

တစ်တိုင်းပြည်လုံးက လူသာခုခေါ်နတ်သာခုခေါ်မဲ့(လူနည်းစုမှအပ) နိုင်ငံအသီးသီးရဲ့ ပညာရေးစနစ်ကို မျှော်ခေါ်ကြည့်ပြီး ကျူရှင်စနစ်ချုပ်ငြိမ်းရေးအတွက်ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ပါကြောင်း။

**မော်ကြီး(ဆင်ဖြူကျွန်း)**

## အစိုးရ/စီးပွားရေးကြော်ငြာ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မနှင့် သရက်)တို့၌ A.G.T.I (၃)နှစ်သင်တန်းများကို ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်မှစတင်၍ သီးခြားဖွင့်လှစ်မည်ဖြစ်ပါသည်။
၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။
၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။
၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။
၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။
၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၅-၁၁-၂၀၁၃ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။
၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
(ဃ) ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။
၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ်(မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး၊ ပူတာအို၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မ၊ သရက်)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ကျောင်းအလှူ့ဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင် သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ၃ ထပ် ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

**...မြို့သစ်ရှိမြေကွက်များဝယ်လိုသည်**
**09 31589922, 09 31268183**

## (၅၀)နှစ်မြောက်ရွှေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဦးဘလေး(A.D.B)(ငြိမ်း)MANILA,PHLIPPINE-ချစ်မေမေ ဒေါ်စန်းစန်းရီ ပညာဝတီအိမ်ရာ-ရန်ကင်းမြို့နယ်တို့၏ ၂၉-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော (၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာနေ့ရက်မှသည် နောင်ရတုပေါင်းများစွာတိုင်အောင် ချစ်သောသားသမီး၊ မြေးများနှင့် ဘဝခရီးလမ်းကို ကျန်းမာပျော်ရွှင်စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီး - မချိုနွယ်ဦး-မောင်ထိန်လင်းအေး (AUSTRALIA)**
**ချစ်သား - ကိုဇော်မင်းဦး(ကိုကို)-EMI (USA)**
**မြေးများ - MYLES**
**KARINA**

## ဝန်ထမ်းအလိုရှိသည်
## Asia Housing Real Estaste Co.,Ltd

(၁) ရုံးဝန်ထမ်း မ(၁)ဦး
(၂) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Computer စာရင်းကိုင်ကျွမ်းကျင်ရမည်။
(၃) ဂျပန်စကားအနည်းငယ်ပြောတတ်ရမည်။

လျှောက်ထားလိုသူသည် C.V Form နှင့်အတူ လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လျှောက်ထားနိုင်သည်။ ၁-၁၂-၂၀၁၃ ရက်တွင် C.V Form လက်ခံ၍အဆိုပါနေ့တွင် ချက်ချင်း Interview လုပ်ပါမည်။

**အမှတ်(၃၇)၊ အခန်းနံပါတ်(၁၀၁၀)၊ လပြည့်ဝန်းပလာဇာ(၁၀)လွှာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၀၃၇၇၂၇**

# ကလေးမြို့ ဆည်ကြီးတံတားတည်ဆောက်ပြီးစီး

**ကလေး နိုဝင်ဘာ ၂၈**

ကလေးမြို့ ဆည်ကြီးကျေးရွာအနီး စီးဆင်းလျက်ရှိသော ဆည်ကြီးချောင်းသည် ကွေ့ကောက်စွာစီးဆင်းလျက် နှစ်စဉ်နှစ်တိုင်း မိုးရာသီအချိန်တွင် ချောင်းရေကြီးပြီး အလွန်ရေစီးသန်ခြင်းကြောင့် ချောင်းကမ်းပါးများ တိုက်စားကာ ကမ်းပါးပြိုကျပျက်စီးခြင်း၊ ချောင်းဖြတ်တံတား ပျက်စီးခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။

ယခုနှစ်တွင်လည်း ဆည်ကြီးချောင်းကို ဖြတ်ကူးသည့်ဆည်ကြီးသစ်သားတံတားသည် ချောင်းရေတိုက်စားမှုကြောင့် တံတားအလယ်မှ ကျိုးကျပျက်စီးသွားသော်လည်း အလှူရှင်မိဘပြည်သူများ၏ လှူဒါန်းငွေဖြင့် ကလေးမြို့ စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူလျက် ပြန်လည်ပြုပြင်ဆောက်လုပ်ရာ ပြီးစီးသွားပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ခြင်း၊ မြစ်ချောင်းကူးတံတားများ ကောင်းမွန်ခြင်းတို့သည် အလွန်လိုအပ်လျက်ရှိရာ ယခုအချိန်တွင် ပျက်စီးသွားသော လမ်းများနှင့် ဆည်ကြီးသစ်သားတံတားကြီးအား အချိန်မီပြန်လည်ပြုပြင် ဆောင်ရွက်နိုင်သည့်အတွက် ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေချောမောလာပြီး တာဝန်ယူဆောက်လုပ်သူများနှင့် အလှူရှင်မိဘပြည်သူများအပေါ်တွင် အလွန်ဝမ်းမြောက်ကြကြောင်း သိရသည်။

**(ဂျိုးနက်)**



# မြိုင်မြို့တွင် ဝါးစက္ကူယပ်တောင်များ ရောင်းဝယ်ဖြစ်ထွန်း

**မြိုင် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ဝါးဖြင့်ပြုလုပ်သော စက္ကူယပ်တောင်လုပ်ငန်းများသည် ဝါကျွတ်ကာလဖြစ်သဖြင့် အလှူအတန်းများ မင်္ဂလာဆောင်များ၊ ကထိန်မင်္ဂလာပွဲများ ပေါများကာ ပုံနှိပ်လုပ်ငန်းရှင်များနှင့် ဝါးစက္ကူ ယပ်တောင်မိသားစုလုပ်ငန်းရှင်များ တွင်ကျယ်စွာလုပ်ကိုင်နေရကြောင်း သိရသည်။

ဝါးစက္ကူ ယပ်တောင်လုပ်ငန်းမှာ ဝါးဖြင့် ယပ်တောင်အရိုးကိုင်းများကို ပြုလုပ်ပြီး အလှူရှင်စာတမ်းပါ စက္ကူဖြင့်ကပ်ခါ ယပ်တောင်အဖြစ် သုံးကြရသည်။ ဝါးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူရပြီး ဝါးဆစ်ပိုင်းကလေးများ (၁၀)ဆစ်အထိဖြတ်ခါ၊ ဝါးတစ်ဖြတ်လျှင် ယပ်တောင်ရိုး ရှစ်ချောင်းရသည်။ ယင်းယပ်တောင်ရိုးရရှိရန် ဝါးကိုဖြတ်၍ ခွဲခြင်း၊ ချောခြင်း၊ အပေါက်ဖောက်ခြင်း၊ ပုံကြမ်းခုတ်ခြင်း၊ ဝါးနှီး ၁၇ ချောင်းထက်မနည်း ဖြာထွက်ခြင်း၊ ကိုင်းဆစ်ဖြတ်ခြင်း၊ ကိုင်းစိတ်ကြိုးသီကွပ်ခြင်း၊ စက္ကူပုံချိုးခြင်း၊ စက္ကူကော်ကပ်ခြင်း၊ စက္ကူကပ်ပြီးသော ယပ်တောင်များကို နေလှန်းခြင်း၊ ခြောက်သွေ့ပါက ပြန်လည်ရုပ်သိမ်းခြင်း၊ အနားဖြတ်ခြင်း၊ အနားသပ်ကွပ်ခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်ကြရသည်။ ဝါးတစ်လုံးလျှင် ယပ်တောင် ၈၀ အထိ ရရှိပြီး ယင်း ၈၀ အတွက် ဝါးကြိုးကော်နှင့် စက္ကူများအတွက် ကုန်ကျစရိတ်ငွေကျပ် ၂၄၀၀ ခန့် ကုန်ကျကာ လုပ်အားခအတွက် ငွေကျပ် ၁၆၀၀ ရရှိရာ တစ်နေ့လျှင် ဝါးစက္ကူယပ်တောင် အခု ၁၀၀ ပြုလုပ်ရသည့်အတွက် ငွေကျပ် ၂၀၀၀ ဝင်ငွေရရှိပြီး မိသားစုလိုက်လုပ်ကိုင်နိုင်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း မြိုင်မြို့၊ အမှတ်(၃)ရပ်ကွက်မှ ယပ်တောင်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောပြချက်အရ သိရသည်။

**(အောင်-မန်းတက္ကသိုလ်)**

# ဘုတလင်မြို့နယ် ရွာမွန်ရွာရှိ သုံးဘွဲ့ရမြတ်ဘုန်းတူစေတီတော်အား ဉာဏ်တော်မြှင့်၍ ရောင်တော်ဖွင့်ပူဇော်ထား

**မုံရွာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ဘူတော်ကျေးရွာအုပ်စု၊ ရွာမွန်ရွာ၊ ကဘဲ့ရွာ၊ ချောင်းမီးတိုရွာ၊ အောင်ချမ်းသာရွာ၊ ကတိုးရွာ-ငါးရွာ-ငါးအုပ်စု၏အလယ်၌ တည်ထားသော မြတ်ဘုန်းတူစေတီတော်ကြီးကို မြတ်ဘုန်းတူတောရကျောင်း ဆရာတော်ဦးဝေပုလ္လနှင့် အလှူရှင်များ၊ ဒေသခံများ ပူးပေါင်းဦးစီးကာ စေတီတော်အား ၁၃၆၈ခုနှစ်က စေတီတော်သို့ ဖုံးအုပ်နေသော ခြုံနွယ်များကို ရှင်းလင်း၍ ရောင်တော်ဖွင့်ဆောင်ရွက်ခဲ့ရာ စေတီတော်အား ဉာဏ်တော်(၂၅)တောင်တိုးမြှင့်၍ စတီးထီးတော်ကို တင်လှူထားကြောင်း တွေ့ရသည်။ ထို့ပြင် စေတီတော်ပတ်လည်တံတိုင်းမှာ (၉၅)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သလို အုတ်ခင်းရန်မြေညှိခြင်းကို စတင်နေပြီဖြစ်ပြီး သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်များကို ဆက်လက်တည်ထားမည်ဖြစ်ကြောင်း ဆရာတော် ဦးဝေပုလ္လ၏ မိန့်ကြားချက်အရ သိရသည်။ သစ်တောဦးစီးဌာန၏ အကူအညီဖြင့် စေတီပရဝဏ်ဝန်းကျင်တွင် သစ်ပင် (၃)ထောင်ကျော်ကို စိုက်ပျိုးပြီးဖြစ်သလို အရိပ်ရပင်များကိုလည်း ယခုနှစ်တွင်ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အနီးဝန်းကျင်ကျေးရွာများရှိ ခိုကိုးရာမဲ့ဘိုးဘွားများအား ကူညီစောင့်ရှောက်နိုင်ရန်အတွက် ဘိုးဘွားရိပ်သာကိုစေတီတော်အနီးတွင် တည်ဆောက်ရန်စီစဉ်နေကြောင်း သိရသည်။

"သက်တော်ထင်ရှား ရှင်တော်ဘုရားနည်းတူ ဓာတ်တော်မွေတော်တို့ ရောင်ခြည်တော်ကွန့်မြူးတဲ့အတွက် ဘုန်းတူဘုရား၊ အရင်ကဉာဏ်တော်ငယ်ပြီး ခြုံတွေ၊ သစ်ရွက်တွေ၊ ဖက်ရွက်တွေနဲ့ ဖုံးအုပ်တဲ့နေရာမှာ တွေ့ရလို့ ရှင်ပင်ဖက်ဖုံးဘုရား၊ ဒီစေတီတော်ကို ရာဇဝတ်သင့်သူတွေ ပုန်းအောင်းခိုဝင်နေတတ်လို့ ပုန်းသူဘုရားလို့အမည်အမျိုးမျိုးနဲ့ ဘွဲ့တော်တွေတွင်ပါတယ်"ဟု ဆရာတော်ဦးဝေပုလ္လက မိန့်ကြားသည်။

စေတီတော်၏မူလဒါယကာမှာ သီရိဓမ္မာအသောကမဟာရာဇာဖြစ်ပြီး စေတီတော်၏ဉာဏ်တော်မှာသေးငယ်သည့်အတွက် ခြုံနွယ်များပိတ်ဖုံးနေရာမှ မဟာနရပတိသီရိဇေယျသူဘွဲ့ခံ အလောင်းစည်သူမင်းကြီးက ဉာဏ်တော်အတောင် ၄၀ ကျော်မြှင့်၍ တည်ထားခဲ့ကြောင်း၊ ရတနာပုံမြို့တည်မင်းတုန်းမင်းတရားကြီးလက်ထက် အလုံတိုက်နယ်(၁၂)ပွဲ ဘုရားပွဲတော်များတွင် စံပွဲဝင်စေတီတစ်ဆူဖြစ်ခဲ့၍ ပွဲခွန်များဆက်သရကြောင်း သမိုင်းအထောက်အထားများမှ သိရသည်။ ထို့နောက်စေတီတော်ကို ခေတ်အဆက်ဆက်ပြုပြင်ခဲ့ကြရာ ယခုအခါ ဆရာတော်ဦးဝေပုလ္လက ဦးစီး၍ ဉာဏ်တော်မြှင့်တည်ထားပြီးဖြစ်ရာ စေတီတော် ပရဝဏ်သန့်ရှင်းသာယာလှပရေးနှင့် သာသနိကအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် ကိုအောင်သိန်းဦး(၀၉-၄၉၂၂၅၀၄၉၊ ၀၉-၄၇၀၅၀၆၉၆)၊ ကိုလင်း(၀၉-၄၇၀၅၁၂၈၆)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

## အစိုးရ/စီးပွားရေးကြော်ငြာ


### ပညာရေးဝန်ကြီးဌာန
### မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
### (နေပြည်တော်)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန (နေပြည်တော်)တွင် အသုံးပြုရန် ရိုက်ကူးရေးသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ပညာရေးသုတေသနလုပ်ငန်းအတွက် စာအုပ်စာတမ်းများနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၁၀-၁၂-၂၀၁၃ ရက် (၁၆း၀၀) နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို ၂၉-၁၁-၂၀၁၃ ရက်မှစ၍ အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းရယူနိုင်ပါသည်။

**မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန**
**ရုံးအမှတ်(၅၂)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၁၆၂/၄၃၀၁၆၃**



### ဆောက်လုပ်ရေးဝန်ကြီးဌာန
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းများရှိ Bore Pile Link-belt Crane LS 108BJ အတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
- Spare Parts for Link Belt Crane (1)Lot

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၂-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၆-၁၂-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊**
**တည်ဆောက်ရေး ပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ စက်မှုဦးစီး၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉- ၅၁၄၇၁၂၉၊ ၀၉- ၈၆၃၆၁၈၅**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
### (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်း(၁၇)မျိုးနှင့် Copier/ Printer Toner Cartridge (၁၁)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂၉-၁၁-၂၀၁၃ ရက်မှစ၍ ၆-၁၂-၂၀၁၃ ရက်အထိ ဝယ်ယူမည့် ပစ္စည်းများ၏ အသေးစိတ် အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၆-၁၂-၂၀၁၃ ရက် (၁၆း၃၀) နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ပြည်ထောင်စုဝန်ကြီးရုံး တယ်လီဖုန်းအမှတ် (၀၆၇-၄၃၁၀၁၁) နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု (၁)၊ တယ်လီဖုန်းအမှတ် (၀၆၇-၄၃၁၀၂၇) သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**



### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဏုမြူစွမ်းအင်ဦးစီးဌာနအတွက်
### Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာနအတွက် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Inlight Dosimetry System | 1 Lot |
| (၂) | Portable HP Ge-Based Radionuclide Identifier | 1 Lot |

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၃-၁၂-၂၀၁၃ ရက်(၁၆း၃၀) နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄**



### အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၀) ရပ်ကွက်၊ မင်းခေါင်လမ်း၊ အိမ်အမှတ် ၄၄၃/က နေ မရတနာမျိုး[၁၂/ဒဂတ(နိုင်)၀၈၇၁၆၂]သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ မည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးအောင်မျိုး[၁၂/ဒဂတ(နိုင်)၀၃၉၅၆၃]**



### လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### ပြည်ထောင်စုဝန်ကြီးရုံး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန် လိုအပ်သော အောက်ပါရုံးသုံးပစ္စည်းများနှင့် ရုံးသုံးစာရေးကိရိယာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Computer အပါအဝင် ရုံးသုံးစက်ပစ္စည်း (၇) မျိုး
(ခ) ရုံးသုံးပရိဘောဂ (၂) မျိုး
(ဂ) ရုံးသုံးစာရေးကိရိယာ (၂၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၆-၁၂-၂၀၁၃ ရက် ညနေ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၁၀၀၂**



### ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3) (4)၊ ရွှေပင်လုံ အိမ်ရာကို ငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

**ဖုန်း- ၀၉-၇၃၀၂၂၁၁၈**

ပြည်တွင်းရေးရာ

# ရင်တွင်ငြိမ်းသော အညာအခမဲ့ဆေးရုံ

**နွားထိုးကြီး နိုဝင်ဘာ ၂၈**

နွားထိုးကြီးမြို့နယ်တွင် အခမဲ့ဆေးကုသပေးသော ကရုဏာရှင်ပုဂ္ဂလိကဆေးရုံတစ်ရုံကို စက်တင်ဘာ ၁၄ ရက်က ဖွင့်လှစ်၍ ဒေသခံဆင်းရဲနွမ်းပါးသူများအား ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးရုံတွင် ဆရာဝန်သုံးဦး၊ သူနာပြုရှစ်ဦးဖြင့် ၂၄ နာရီအခမဲ့ကုသပေးရန် စီစဉ်ထားသော်လည်း ယခုအခါ (စနေ၊ တနင်္ဂနွေနေ့)များတွင်သာ အချိန်ပြည့်ကုသပေးလျက်ရှိသည်။ ထိုဆေးရုံမှာ ပြင်စည်စံပြကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်းအနီးတွင် ရင်ငြိမ်းပန်းအမည်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

တောထဲ၌ခေတ်မီအဆောက်အအုံဖြင့် ဆေးရုံသုံးပစ္စည်းများ၊ အတွင်းလူနာဆောင်၊ခွဲစိတ်ဆောင်၊ ကူးစက်ဆောင်မှအစ ဝန်ထမ်းဆောင်၊ ဆရာဝန်၊ ဆရာမနေအိမ်များဖြင့်လည်းကောင်း၊ လူနာတင်ယာဉ်၊ ဝန်ထမ်းယာဉ်၊ ပစ္စည်းတင်ယာဉ်စသည့် မော်တော်ယာဉ်များ၊ ကွန်ပျူတာ၊ အင်တာနက်၊ ခေတ်မီဆက်သွယ်ရေးပစ္စည်းများနှင့် ကျပ်သိန်း ၂၀၀၀ ကျော်ကို အလှူရှင်နှင့်မိတ်သင်္ဂဟများက စုပေါင်းပါဝင်လှူဒါန်းကြသည်။

အလှူရှင်မှာ ပြင်ဦးလွင်မြို့နေ ဖေယျကျော်ထင်ဗိုလ်ချုပ်ကျော်ညွှန့် (ယခု ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး)နှင့်ဇနီး ဒေါ်သီတာစိန် မိသားစုဖြစ်သည်။ အလှူရှင်မှာ စာရေးဆရာလည်းဖြစ်၍ အဆိုပါဆေးရုံကို ရင်ငြိမ်းပန်း အမည်ပေးခြင်းဖြစ်သည်ဟု သိရသည်။

အလှူရှင်က နွားထိုးကြီးမြို့နယ်ကို တာဝန်နှင့်ဖြတ်သန်းစဉ် ဆင်းရဲနွမ်းပါးသော ဒေသခံလူနာများကို အညာဒေသ၏ ပူပြင်းသောနေရောင်အောက်တွင် ထမ်းစင်ဖြင့်သယ်၍ ဆေးရုံဆေးခန်းသို့ ဝေးလံစွာသွားလာနေရသော မြင်ကွင်းကိုစာနာစွာဖြင့် ဤဒေသ ဤအရပ်တွင် ဆေးရုံတစ်ရုံကို အခမဲ့ကုသပေးရလျှင် ၎င်း၏ရင်တွင်အေးချမ်းနိုင်မည်ဟု ကရုဏာရှိကာ ရင်ငြိမ်းပန်းဆေးရုံကို ဒေသခံ ပြင်စည်သပြေတီးတောရဆရာတော်၏ အကူအညီနှင့် ခေတ်မီ (၂၅) ခုတင်ဆံ့ ဆေးရုံကိုဆောက်လုပ်၍ အညာဒေသဆင်းရဲနွမ်းပါးသူများကိုကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြစ်ကြောင်း သိရသည်။ **ခင်ဇာမွန်မြင့် (ဉပဒေ)**





ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လေ့ကျင်းရပ်ကွက် သဟပုညကာရီဆွမ်းလောင်းအသင်းနှင့် ရပ်ကွက်အလှူဒါယကာ၊ ဒါယိကာမများ၏ ဝါတွင်းအရုဏ်ဆွမ်း အလှူအောင်ပွဲအဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၄ ရက်က စည်ကားသိုက်မြိုက်စွာလောင်းလှူကြစဉ်။ (၁၈၂)

## မိုင်းဖြတ်မြို့နယ်တွင် စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် နိုဝင်ဘာ ၂၈**

ရှမ်းပြည်နယ် မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများရရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့နယ် အိုက်ငို့ကျေးရွာအုပ်စု ဟာကြားဟုန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် အိုက်ငို့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဂျွန်ပေါလ်က ကျေးဇူးတင်စကားပြောကြားပြီး အကြီးတန်းစာရေး ဒေါ်ဘူးနောင် ဟောပြောသည့် အကြောင်းအရာများကိုအာခါ၊ လားဟူဘာသာဖြင့် ပြန်လည်ရှင်းလင်းဟောပြောခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများပါဝင်သည့် နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျေးရွာနေတိုင်းရင်းသားပြည်သူများ ဖတ်ရှုလေ့လာကြကြောင်းသိရသည်။

**(ဝေယံလင်း-မိုင်းဖြတ်)**

## အသိပညာပေးဟောပြော

**ဒလ နိုဝင်ဘာ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မြို့နယ်နိုင်ငံတကာဆေးဘက်ဆိုင်ရာနှင့်အရေးပေါ်ကူညီထောက်ပံ့ရေးအဖွဲ့သည် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အကြိုအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက်ကအမက (စံပြ) ကျောင်းအရှေ့၊ အနော်ရထာလမ်း၌ ကားဖြင့် လှည့်လည်၍ ပညာပေးပြောကြားခဲ့သည်။

အဆိုပါအဖွဲ့မှ AIDS သီချင်းများဖြင့် တေးသရုပ်ဖော်ကပြ ဖျော်ဖြေကြပြီး AIDS ရောဂါအကြောင်းနှင့် HIV ပိုးကူးစက်မှု တားဆီးနိုင်ရေး သိကောင်းစရာများကို မေးမြန်းကာ ဝင်ရောက်ဖြေဆိုသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**


## ဖိတ်ကြားလွှာ(အင်းတော်)

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်အသင်း(ရန်ကုန်) ဖွဲ့စည်းရေး ဖိတ်ကြားခြင်း။

ရန်ကုန်မြို့တွင်ရောက်ရှိနေကြသော အင်းတော်နယ်သားများအနေဖြင့် အင်းတော်မြို့နယ်အသင်း (ရန်ကုန်)ဖွဲ့စည်းမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့)
အချိန်။ ။ မွန်းတည့် ၁၂နာရီတိတိ
နေရာ။ ။ ဝါဆိုဦးဘုန်းကြီးကျောင်း၊ သံသုမာလမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရှေ့၊ သဃ်န်းကျွန်းမြို့နယ်။

## ဦးမြင့်ဆွေ (MIFIDA)

**အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ သိမှတ်ဖွယ်ရာများ**

Best Practice of Microfinance, Business Plan, Financial Analysis

ဒီဇင်ဘာ (၁၊ ၈၊ ၁၅၊ ၂၂) ၂၀၁၃ခုနှစ် (တနင်္ဂနွေနေ့တိုင်း)
၉ နာရီမှ ၁၂နာရီ အဖွဲ့(က)
၁ နာရီမှ ၄နာရီ အဖွဲ့ (ခ) တစ်ဖွဲ့ (၄)ရက် ဦးရေ ကန့်သတ်ထားပါသည်။
နေရာ။ ။ ၃၁/၄ အောင်ဆုပန်လမ်း၊ ၁၉ရပ်ကွက်၊ တောင်ဒဂုံ၊ ဂိတ်ဟောင်းလမ်းဆုံအနီး
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၅၉၄၆၅၊ ၀၉-၄၂၀၀၅၃၄၈၆၊ ၀၉-၄၂၀၀၂၁၇၀၅**



## ဗုဒ္ဓနည်းကျတရားရှုမှတ်နည်းသင်တန်း

ဆရာတော် ဘဒ္ဒန္တ ဓမ္မပတိ
ကမ္မဌာနာစရိယ ဆရာတော် ဖားအောက်တောရရိပ်သာ မှ
ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာရှိသည့်
သမထမှ ဝိပဿနာကျင့်စဉ်ကို မြတ်စွာဘုရား ဟောကြားထားသည့်အတိုင်း
လက်တွေ့ဟောကြားပြသ/သင်ကြားပို့ချမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူ
ယောဂီဟောင်း/သစ်များ မည်သူမဆို လာရောက်လေ့လာအားထုတ်နိုင်ပါသည်။

နေ့ရက်။ ။ ၈-၁၂-၂၀၁၃ မှ ၂၁-၁၂-၂၀၁၃
အချိန်။ ။ နံနက် ၇း၃၀ မှ ညနေ ၅နာရီထိ
နေရာ။ ။ မြို့တော်စည်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်။ ။ ဖုန်း-၀၉-၅၁၁၉၅၉၈၊ ၀၉-၅၀၅၇၃၁၂၊ ၀၉-၄၅၀၀၆၅၁၇၀
နေ့လယ်စာအာဟာရ ကျွေးမွေးမည့်အစီအစဉ်ပါရှိပြီး ကြိုတင်၍ စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

♦ **၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော EPS-TOPIK (ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း**

♦ ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော သင်တန်းကျောင်း။

♦ ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သောအခွင့်အရေးကို လက်လွတ်မခံဘဲ EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။

♦ တန်းခွဲသစ် ၂-၁၂-၂၀၁၃ရက် စဖွင့်မည်။

Co-operative with Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၁၂၈၀၄၊ ၀၉-၄၂၁၀၉၁၀၈၀၊ ၀၉-၄၃၀၂၉၂၅၆

## ရောင်းမည်

စတီးပိုက် (201) 1/2 မှ 2 1/2 လုံးထိ (၁၀)တန်ခန့်ရှိသည်။
လျှော့ဈေးဖြင့် အားလုံးရောင်းမည်။
ဖုန်း-၀၉-၃၃၃၃၅၆၇၈


## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မခင်စန္ဒာသိန်း[၁၂/အစန(နိုင်)၂၀၅၃၀၈]နှင့် ကိုအောင်ရဲဝင့်[၁၂/အစန(နိုင်)၁၉၂၀၅၄]တို့သည် ၂၀ရက်၊ ဩဂုတ်လ၊ ၂၀၁၃ခုနှစ်တွင် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိပါ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် ကိုအောင်ရဲဝင့်နှင့်မည်သို့မှ ပတ်သက်မှုမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခင်စန္ဒာသိန်း**
**[၁၂/အစန(နိုင်)၂၀၅၃၀၈]**

KBZ Bank(Account No.0073020070168301)

# လက်ထပ်ပြီးစီးခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်ကျေးရွာ၊ လေသာလမ်းနေ
(ဦးဝင်းကြည်)-ဒေါ်စိန်ကြည်(ဘ-ယ-ဆေး)တို့၏သား
**မောင်အောင်ကျော်ထွေး**
**B.DeVs(Yangon institute of economics)**
နှင့်
တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာနေ
(ဦးသိန်းဝင်း)-ဒေါ်ရွှေငွေးတို့၏သမီး
**မချိုချိုငွေး**
**B.Com(Commect)(Yangon Institute of economics)**

တို့သည် ၂၉-၁၀-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်တရားရုံးတွင် မြို့နယ်တရားသူကြီး ဦးမြင့်အောင်ရွှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**မောင်အောင်ကျော်ထွေး-မချိုချိုငွေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀ A)၊ မြေကွက်အမှတ်(၄ A)၊ မြေကွက်တည်နေရာအမှတ်(၄၂-က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်(ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်မြင့်မြင့်) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (မခင်)ဒေါ်မြင့်မြင့်ဝင်း (ဖခင်)ဦးတင်မောင် ကွယ်လွန်သဖြင့် (၁)ဒေါ်သီတာတင်မောင်[၁၂/ဗဟန(နိုင်)၀၅၅၀၁၉]၊ (၂)ဒေါ်နီလာတင်မောင်[၁၂/ရပသ(နိုင်)၀၄၃၅၁၈]၊ (၃)ဒေါ်ဖြူပြာတင်မောင်[၁၂/ဗဟန(နိုင်)၀၄၅၃၄၆]၊ (၄)ဒေါ်စန္ဒာတင်မောင် [၁၂/ဗဟန(နိုင်)၀၄၆၈၁၆]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

All Trainings are Essential for Your Success
Vehicle Driving & Maintenance Training
ရောင်နီဦး
AURORA
Ph-09-73235126, 09-73248049, 09-43192138, 09-43192144, 09-43163080, 09-43170116

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထိမ်းအမှတ် ကုန်စည်ပြပွဲကြီး
SEA GAMES EXPO ကုန်စည်ပြပွဲကြီး
နှင့်အထိမ်းအမှတ်ပစ္စည်းဈေးရောင်းပွဲတော်
၃.၁၂.၁၃ မှ ၇.၁၂.၁၃ အမျိုးသားအားကစားရုံ(၁)ဝင်းအတွင်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့
SMART BUSINESS GROUP Ph:01-656875,667473,09-73014777

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဦးထွင့်လှိုင်မို(1st. Mate/FG)(၄၂)နှစ်**
**C.D.C-20406, R.C.L Shipping Co.**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဟိုက်ပက် (၂)လမ်း၊ (မ/၅)နေ ဦးတင်လှိုင်မို (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့လေကြောင်း)-ဒေါ်မြမြသန်း (ခ)Lorna တို့၏ ချစ်လှစွာသောသား၊ ဒေါ်လှိုင်မိုသန်း-ဦးဖြိုးဝေဇို(CANADA) ၏မောင်၊ ဒေါ်လှိုင်မိုထွေး-ဦးဇော်မင်း [(C/O) Lizstar Co., Ltd. ]တို့၏အစ်ကို၊ ဒေါ်ခင်မာအေး၏ ခင်ပွန်း၊ မောင်ထက်လှိုင်မို(ခ)ဖိုးလပြည့်၏ချစ်လှစွာသောဖခင်၊ မောင်ဆက်လှိုင်မို၊ မဆုလှိုင်မိုဖြိုး၊ မမြတ်လှိုင်မိုမင်းတို့၏ ဦးလေးသည် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး(ဂျပန်ဆေးရုံကြီး)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၁-၂၀၁၃ (စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ (အင်းစိန် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## တစ်နှစ်ပြည့်အလွမ်း
Haji Saleem Khan @ U Khin Maung Gyi
**အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်**
Lecturer, E.L.D, I.I.U.M., Malaysia

**အစ်ကိုကြီး**

ညီ၊ ညီမငယ်များနှင့် ခွဲခွာသွားသည်မှာ ယနေ့ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၂၆ရက်တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ အစ်ကိုကြီး ညီငယ်၊ ညီမငယ်တို့အပေါ် မိဘသဖွယ် မေတ္တာရှေ့ထား၍ သွန်သင်ဆုံးမကူညီပံ့ပိုးမှု ပြုခဲ့သည်များကို တစ်ရက်မှမမေ့နိုင်ပါ။ အစ်ကိုကြီးအားရည်စူး၍ တစ်နှစ်ပတ်လုံး ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်သရဇ္ဈာယ်ခြင်း၊ ကုသိုလ်ကောင်းမှုအလှူအတန်းများကို အစဉ်မပြတ် လှူဒါန်းပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ အစ်ကိုကြီးတစ်ယောက် အေးမြတဲ့ ဂျန္နတ်သုခဘုံတွင် စံမြန်းနိုင်ပါစေ။

**ကျန်ရစ်သူ ညီငယ်များ၊ ညီမငယ်များနှင့်တူမလေး**

## ဒေါ်ခင်ခင်မြင့်
**အသက်(၆၆)နှစ်**
**ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၄၄၉-A)၊ (၄၆)နေ Bo Minn Bo Construction Co.,Ltd.မှ စတိုတာဝန်ခံ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်ခင်မြင့်(၆၆)နှစ်သည် ၂၂-၁၁-၂၀၁၃(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ-ဇနီးနှင့် ဝန်ထမ်းမိသားစုများ**
**Bo Minn Bo Construction Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

အောင်ပန်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးရာဂျူး(ခ)ဦးမျိုးထွန်း(နိုင်မျိုးရောင်ဝယ်ရေး)(DKSH Services Ltd.-Aung Ban Partner)တို့၏ ဖခင် ဦးရမ်းမလား အသက်(၉၁)နှစ်သည် ၂၆-၁၁-၂၀၁၃ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**DKSH Services Ltd.**
**Diethelm & Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသန်းရွှေ**
**အသက်(၉၃)နှစ်**
**တိုင်းတရားသူကြီး(ငြိမ်း)**

ဦးထင်အောင်-ဒေါက်တာပြုံးပြုံးသန်း (Biochemistry, UMM)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းရွှေသည် ၂၃-၁၀-၂၀၁၃ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**၁၉၈၀-၈၅ ဆေးတက္ကသိုလ်၊**
**မန္တလေးမှ အတန်းဖော်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီး(Elizabeth Pin)**
**အသက်(၇၂)နှစ်**

ဦးဝင်းမြင့်(Hain Brothers Co.,Ltd.)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီး(Elizabeth Pin)သည် ၂၃-၁၁-၂၀၁၃ရက် နံနက် ၁း၅၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြင်ဝမ်-ဒေါ်လှသိန်း**
**ဂျိုးသိန်းဆေးပေါ့လိပ်**

## ဝမ်းနည်းကြေကွဲခြင်း

သတင်းထောက်၊ ဝက်ဘ်ဆိုက် အယ်ဒီတာ ကိုမိုးသူအောင် အသက်(၂၄)နှစ်သည် ၂၅-၁၁-၂၀၁၃ရက် နံနက် ၇း၄၇နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျေးလက်လူငယ်များ**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဦးဟုတ်ရောင်(လပ္ပတ္တာ)**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာတိုက်(A-3-1)၊ အခန်း (၁၀၀၂)နေ ဦးသိန်းဝင်း(P.M.G Co.,Ltd)-ဒေါ်ယဉ်ယဉ်ဝင်း၏ ဖခင်သည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရှက်ဦး အပေါင်းအသင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးဟုတ်ရောင်(လပ္ပတ္တာ)**
**အသက်(၉၁)နှစ်**

Peace Myanmar Group Co.,Ltd မှ Executive Director ဖြစ်သူ ဦးသိန်းဝင်း-ဒေါ်ယဉ်ယဉ်ဝင်းတို့၏ ဖခင် ဒေါ်တင်ကြည်၏ခင်ပွန်း ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးဟုတ်ရောင်(လပ္ပတ္တာ) အသက် (၉၁)နှစ်သည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်စိန်လှိုင်နှင့်မြောင်းမြမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးလှရွှေ**
**အသက်(၈၃)နှစ်**
**မြန်မာ့လေကြောင်း(ငြိမ်း) (ဇီးကုန်း)**

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်) ၏ ဥက္ကဋ္ဌ ဦးဆန်းထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး- ငြိမ်း သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ဖြူဖြူရွှေတို့၏ ဖခင် ဦးလှရွှေ (၈၃)နှစ်သည် ၂၅-၁၁-၂၀၁၃ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဟုတ်ရောင်(လပ္ပတ္တာ)**
**အသက်(၉၁)နှစ်**

(ဦးအစီ-ဒေါ်ရှင်း)တို့၏သား၊ ဒေါ်တင်ကြည်၏ခင်ပွန်း ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးလေးဦးဟုတ်ရောင်သည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တူ-တူမများ**
**ဦးညွန့်လွင်၊ ဦးမောင်အေး (ခနောင်တို)**
**နှင့် U.S.A ရောက် တူ၊ တူမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးထိန်ဝင်း**
**အသက်(၇၁)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌဟောင်း (၁၉၉၉-၂၀၀၂) ဦးထိန်ဝင်း (ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု)သည် ၂၀-၁၁-၂၀၁၃ ရက် ည ၁၀း၀၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု**
**လုပ်ငန်းရှင်များအသင်းချုပ်**

## ကျေးဇူးတင်ရှိခြင်း

သန်လျင်မြို့၊ ဒါရ်ဂါရပ်ကွက်၊ ငြိမ်းချမ်းလမ်း၊ အမှတ်(၄)နေ ဟာဂျီ ဦးမောင်မောင်ငွေသည် ဟဂျ်ကာလအတွင်း ၁၄-၁၁-၂၀၁၃ရက် နံနက် ၄နာရီတွင် ဆော်ဒီအာရေဗီးယားနိုင်ငံ၊ မဒီနာမြို့၊ TIABA Hotel ၌ ကွယ်လွန်သွာခဲ့ပြီး ယင်းနေ့ အေရှာနာမာဇ်အပြီးတွင် မဒီနာမြို့ ဂျန္နသွလ်ဗကီးရ်တွင် ဒဖ်နာခဲ့ပါသည်။ ကွယ်လွန်သူ ဟာဂျီဦးမောင်မောင်ငွေ၏ မယ်သ်ကို နေ့မစွန်းမီ ဒဖ်နာနိုင်ရေးအတွက် ကြိုးပမ်းစီမံဆောင်ရွက်ပေးခဲ့သော ရန်ကုန်မကာဟဂျ်အဖွဲ့၏ ဦးဆောင်သူ ဟာဂျီဝလီ၊ သာသနာ့ပညာရှင် မွဖ်သီအာဒမ်၊ ဟာဂျီဦးစိုးသိမ်း(မန္တလေး)နှင့် ဂျနာဇာအား လိုက်ပါပို့ဆောင်ပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ မြန်မာဟာဂျီများ ရပ်နီးရပ်ဝေးမှ ဆက်သွယ်မေးမြန်းကြသော မိတ်ဆွေများအား လှိုက်လှဲစွာအထူးကျေးဇူးတင်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာတင်ငွေ[ပါမောက္ခချုပ်(ငြိမ်း) မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်]-ဒေါ်ခင်လှဲ့[ဌာနမှူး-စီမံ(ငြိမ်း)မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်] တို့၏ မိခင်ကြီး ရဟန်းအမ၊ ကျောင်းအမကြီး ဒေါ်လှစိန် အသက် (၈၀)သည် ၂၅-၁၁-၂၀၁၃ရက် ညနေ ၄း၄၀နာရီတွင် ဟိုပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီး(Elizabeth Pin)**
Hain Brothers Company Limited
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ ဦးဝင်းမြင့်(Hain Brother Company Limited)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီးသည် ၂၃-၁၁-၂၀၁၃ရက်(စနေနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါကြောင်း။

**ဦးဝင်းဆွေ-Dr. မြတ်သီတာမြင့်၊ Win & Win Co.,Ltd မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဦးဟုတ်ရောင်(လပ္ပတ္တာ) (၉၁)နှစ်**

ဦးတင်မြင့်(EC Director-Asia General Electric Co.,Ltd)၏ ဖခင်သည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မဇင်မာသိန်း(Singapore)**
**တပည့်-ဘိုစိန်(Asia General Electric Co.,Ltd.)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
**ဦးဟုတ်ရောင်(လပ္ပတ္တာ)**
**အသက်(၉၁)နှစ်**

ဦးသိန်းဝင်း(PMG Co.,Ltd)-ဒေါ်ယဉ်ယဉ်ဝင်းတို့၏ ဖခင် ဦးဟုတ်ရောင်(လပ္ပတ္တာ) (၉၁)နှစ်သည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအောင်ထိန်း၊ ဦးအောင်ခင်**
**ကမ္ဘာကျော်ဆောက်လုပ်ရေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီး(Elizabeth Pin)**
**အသက်(၇၂)နှစ်**

ဦးဝင်းမြင့်(Hain Brothers Co.,Ltd.)၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်နန်းမူ(ခ)ဒေါ်မီးမီး(Elizabeth Pin)သည် ၂၃-၁၁-၂၀၁၃ရက် နံနက် ၁း၅၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်သန်း**
**ဒေါ်ခင်ပြုံးဆွေ-ဒေါက်တာညွန့်ဦး**
**ဦးအောင်ဆွေ-ဒေါ်ခင်မြအေး**
**ဦးမြင့်ဆွေ-ဒေါ်အေးမြင့်သန်း**
**ဒေါ်ခင်အေးဆွေ-ဦးကျော်ညွန့်**
**ဦးဝင်းဆွေ-Dr.မြတ်သီတာမြင့်**
**ဒေါ်ခင်အုန်းဆွေ-ဦးလှမြင့်**
**ဒေါ်ခင်သင်းဆွေ-ဦးစိန်အောင်**
**ဒေါ်ခင်မိုးအေး-ဦးအောင်ဇော်ဦး**
**ဒေါ်ခင်စိုးအေး-ဦးမိုးနိုင်**
**ဦးမျိုးဆွေ-ဒေါ်မီမီသက်**
**ဒေါ်ခင်ဆွေဆွေ-Dr.အောင်စိုးဝင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)**
**စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)**
**ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (M.A.N.A)(ဗဟို)**
**အသက်(၇၅)နှစ်**

ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (M.A.N.A)(ဗဟို)ဖြစ်သူ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)သည် ၁၇-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သန်းသန်းငွေ(ခ)ဒေါ်မီး**
**၁၉၇၁ခုနှစ်၊ ပထဝီဝင်(မော်လမြိုင်တက္ကသိုလ်)**
**အသက်(၆၄)နှစ်**

အမှတ်(၂၂၂)၊ ဝါးတောလမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့နေအိမ်တွင် ၂၅-၁၁-၂၀၁၃ရက် ညနေ ၄နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။**
**၁၉၇၁ခုနှစ်၊ ပထဝီဝင်၊**
**မော်လမြိုင်တက္ကသိုလ်ကျောင်းသား/သူများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီ (၈၇)နှစ်**

ပါမောက္ခ ဒေါက်တာခင်မောင်မြင့်-ဒေါ်မေထားအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီသည် ၂၀-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။ **၁၉၈၀-၈၅ ဆေးတက္ကသိုလ်၊ မန္တလေးမှ အတန်းဖော်သူငယ်ချင်းများ**

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန်　နိုဝင်ဘာ　၂၈**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံလွှတ်တော် House of Representative ဥက္ကဋ္ဌ Hon. Mr. Burmei IBUKI ၏ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယမန်နေ့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

## လီဟာအားလျော့ကာ အိန္ဒိယသို့ ဝင်ရောက်

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHAR) သည် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး အိန္ဒိယနိုင်ငံ အန်ဒရာပါရာဒေ့ရှ် ကမ်းခြေကို မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

## ဆီးဂိမ်းပြိုင်ပွဲအတွက် အထူးရထားနှစ်စင်း အချိန်ပြင်ဆင်ပြေးဆွဲမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲရက်အတွင်း အားပေးကြည့်ရှုကြမည့် ပရိသတ်များသွားလာမှုပိုမိုလွယ်ကူအဆင်ပြေရန် လက်ရှိပြေးဆွဲလျက်ရှိသော အဆန်အထူးရထားသည် ရန်ကုန်ဘူတာမှ ည ၉ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ရောက်ရှိပြီး နေပြည်တော်ဘူတာမှ နံနက် ၆ နာရီခွဲတွင် ဆက်လက်ထွက်ခွာကာ မန္တလေးဘူတာသို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိသည်။ အလားတူ အစုန်အထူးရထားသည် မန္တလေးဘူတာမှ ည ၁၁ နာရီခွဲတွင် ထွက်ခွာ၍ နေပြည်တော်ဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင်ရောက်ရှိပြီး နေပြည်တော်ဘူတာမှ နံနက် ၆ နာရီခွဲတွင် ဆက်လက်ထွက်ခွာကာ ရန်ကုန်ဘူတာသို့ ညနေ ၃ နာရီတွင် ရောက်ရှိသည်။

ဘောလုံးပြိုင်ပွဲ ကြည့်ရှုမည့် ပွဲကြည့်ပရိသတ်များအတွက် ဒီဇင်ဘာ ၁၉ ရက် ဆီမီးဖိုင်နယ်ပွဲစဉ်နှင့် ဒီဇင်ဘာ ၂၁ ရက် ဖိုင်နယ်ပွဲစဉ်နေ့များတွင် အထူးရထားနှစ်စင်းအား ရန်ကုန်နှင့်မန္တလေးမှ နေပြည်တော်သို့ မွန်းလွဲ ၂ နာရီခွဲအရောက်နှင့် နေပြည်တော်မှ ရန်ကုန်နှင့်မန္တလေးသို့ ည ၁၀ နာရီခွဲတွင် ပြန်လည်ထွက်ခွာပေးမည်ဖြစ်၍ အဆိုပါအထူးရထား အစုန်/အဆန်နှစ်စင်းကို ဒီဇင်ဘာလ ၁၇ ရက်အထိသာ သတင်းစာများတွင် မူလကြေညာထားသည့် အချိန်စာရင်းအတိုင်း ပြေးဆွဲမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်နှင့် မန္တလေးမှထွက်ခွာလာမည့် အထူးရထားနှစ်စင်းသည် ဒီဇင်ဘာ ၁၈ရက်

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖**



## ဆီးဂိမ်းမီးရှူးတိုင် လက်ဆင့်ကမ်းသယ်ယူခြင်း အစမ်းလေ့ကျင့်

**ရန်ကုန်　နိုဝင်ဘာ　၂၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီးရှူးတိုင်စတင်ထွန်းညှိခြင်းနှင့် လက်ဆင့်ကမ်းသယ်ယူခြင်း ဆဋ္ဌမအကြိမ်ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့ နံနက် ၅ နာရီခွဲတွင် သုဝဏ္ဏ သိန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၊ သုဝဏ္ဏ၌ ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မီးရှူးတိုင်အား စတင်ထွန်းညှိပြီး တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်သို့ ပေးအပ်ကာ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်း အလေးမပြိုင်ပွဲ ရွှေတံဆိပ် ၁၃ ဆုရှင် ဦးစန်းမြင့်အားပေးအပ်၍ ဝေဇယန္တာလမ်းမကြီးမှ မီးရှူးတိုင်သယ်ယူမည့် လမ်းကြောင်းတစ်လျှောက် သစ္စာလမ်းဆုံအထိ စံချိန်ယူ၊ချိန်ကိုက်အချိန်သတ်မှတ်မှုများကို လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## ယနေ့ မာတိကာ


ဘင်္ဂလားဒေ့ရှ်၌ ရွေးကောက်ပွဲကန့်ကွက်မှု အနည်းဆုံး ၁၅ ဦးသေဆုံး — စာမျက်နှာ - ၄

သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှု သိရှိရန် အသိပေး — စာမျက်နှာ - ၅

ဆီးဂိမ်းပွဲတော် နွဲလို့ပျော် — စာမျက်နှာ - ၁၀

မန်ယူအသင်း (၁၆)သင်းအဆင့်တက်ပြီ — စာမျက်နှာ - ၁၃


## ဆီးဂိမ်းအထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် ဆီးဂိမ်းအထူးထုတ် လေးမျက်နှာ အပိုပါရှိပါသည်။

သတင်းဆောင်းပါး - ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

## အနာဂတ်မျိုးဆက်သစ်တို့ဖြင့် ပြန်လည်အသက်ဝင်လာမည့် ရန်ကုန်တက္ကသိုလ်

**ရန်ကုန်　နိုဝင်ဘာ　၂၈**

ရန်ကုန်တက္ကသိုလ်တွင် ဆယ်စုနှစ် နှစ်စုနီးပါးမျှ ဖွင့်လှစ်ခြင်းမရှိခဲ့သည့် ပထမနှစ်ဘွဲ့ကြို သင်တန်းများကို ဝိဇ္ဇာထူးချွန်ကျောင်းသား၊ သိပ္ပံထူးချွန်ကျောင်းသားများဖြင့် စတင်အသက်သွင်းလိုက်ပြီဖြစ်သည်။ ယခုလာမည့် ဒီဇင်ဘာ ၅ ရက်နေ့မှစတင်၍ ၂၀၁၃ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားများ ပထမနှစ်ဝက်စာသင်နှစ်ကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်သင်ကြားခွင့်ရရှိတော့မည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် အထူးပြုဘာသာရပ် ၂၀ အတွက် ယခုပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ဝိဇ္ဇာ၊ သိပ္ပံ ထူးချွန်ကျောင်းသား ၁၀၀၀ အား စတင်လက်ခံခွင့်ပြုသင်ကြားပေးခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ အဆောင်များတွင် ကျောင်းသားကျောင်းသူများ နေထိုင်နိုင်ရန်အတွက်လည်း ပြင်ဆင်ထားပြီးဖြစ်သည်။ ၎င်းတက္ကသိုလ်ကြီးနှင့် ၎င်းအဆောင်များတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ပုံဖော်သူတို့၏ သမိုင်းရှိခဲ့သည်။ မြန်မာ့အမျိုးသားရေးဇာတိမာန်ထက်သန်စေခဲ့သည့် အမျိုးသားနေ့ကို မွေးဖွားပေးရာနေရာအဖြစ် သမိုင်းဝင်ခဲ့သည်။ ခေတ်စမ်းစာပေဖြင့် မြန်မာစာပေလောက တစ်ခေတ်ဆန်းစေသူ ပညာရှင်တို့ ခြေချရာနေရာဖြစ်ခဲ့သည်။ ဦးသန့်ကဲ့သို့ ကမ္ဘာကျော်သော မြန်မာနိုင်ငံသားများ ပညာဆည်းပူးရာနေရာ တစ်ခုဖြစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ နှစ်ကာလကြာရှည်စွာ တက္ကသိုလ်ကျောင်းတော်သားများနှင့် ကင်းကွာနေခဲ့သည့် ရွှေဘို၊ ဒဂုံ၊အင်းဝ၊ ပင်းယ၊ ပဲခူး၊ အင်းယားဆောင်များသည် နီညိုရောင်ဆေးသားတို့ဖြင့် ပြန်လည်သစ်လွင်တောက်ပလို့နေပါသည်။ ၎င်းတို့၏ ရင်ခွင့်ကိုခိုလှုံမည့် တက္ကသိုလ်ကျောင်းတော်သားတို့အား ကျေနပ်သောအပြုံးများဖြင့် ထွေးပွေ့ခွင့်ရရှိတော့မည်ဖြစ်သည်။ တစ်ချိန်က အာရှ၏ အကောင်းဆုံးတက္ကသိုလ်တစ်ခုအဖြစ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**




ကြေးမုံ
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၁၁ ရက်သာ လိုတော့သည်။ ၂၉-၁၁-၂၀၁၃ (သောကြာနေ့)

# အမျိုးသားရေးကြိုးစားပေး SEA GAMES ပြိုင်ပွဲကြီး အောင်မြင်ရေး

ဒေသတွင်းချစ်ကြည်ရင်းနှီးမှု၊ ညီညွတ်မှုကိုပြသသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကား နီးကပ်လာပြီ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် ဤပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိခဲ့သော အမိမြန်မာနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်စိတ်နှင့်အတူ နိုင်ငံတကာအလယ်တွင် ပွဲလယ်တင့်နိုင်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိနေသည်ဟူသော ခံယူချက်ကလည်း မြန်မာဖြစ်သော ကျွန်ုပ်၏ သွေးအတွင်း စီးဝင်လာပါသည်။

ယနေ့ခေတ် အားကစားပြိုင်ပွဲများသည် အားကစားတစ်ခုတည်းကိုသာ ဦးတည်၍ ပြိုင်သော ပွဲများမဟုတ်တော့ပါ။ အားကစား၏ နောက်ကွယ်တွင် နိုင်ငံရေးပါ၏၊ စီးပွားရေးပါ၏၊ လူမှုရေးပါ၏၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် ပြိုင်ကြသော ပြိုင်ပွဲဆိုလျှင်လည်း မှန်၏။ ထို့ကြောင့်လည်း နိုင်ငံတိုင်းမှ အားကစားသမားများသည် ကျားကုတ်ကျားခဲကြိုးစားကြ၏။ ရွှေတံဆိပ်ဆုဆွတ်ခူး၍ နိုင်ငံ၏ဂုဏ်ကိုဆောင်နိုင်အောင် ကြိုးစားကြ၏။ ဤသည်ကပင် လူမျိုးတို့၏ ဇာတိမာန်ကိုပြဆိုနေ၏။ အမျိုးသားရေးအနက်အဓိပ္ပာယ်ကို ဖော်ဆောင်နေ၏။

အမျိုးသားရေးဟူသည် လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စု၊ လူမျိုးစုတစ်စုမှသည် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး၏ အရေးဖြစ်၏။ SEA GAMES ပွဲတော်ကြီးတွင် အာဆီယံဒေသအတွင်းမှ အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ လေ့လာသူများ၊ အားပေးမည့်သူများ စသည်ဖြင့် ဧည့်သည်ပေါင်းစုံတို့ အမိနိုင်ငံအတွင်းသို့ ရောက်ရှိလာပေတော့မည်။ ရိုးရိုးသာမန်လည်ပတ်မှုမျိုးတော့ မဟုတ်ပြီ။ မိမိနိုင်ငံဂုဏ်ကို မြှင့်တင်ကြမည့် ပြိုင်ပွဲအသွင်ဖြင့် လာကြမည်ဖြစ်ရာ အမိမြန်မာနိုင်ငံဘက်ပေါင်းစုံမှ အောင်မြင်မှုသရဖူဆောင်းနိုင်ရန် မဟာဗျူဟာ၊ နည်းဗျူဟာများ လိုအပ်လာပြီဖြစ်ပါသည်။ နိုင်ငံတော်ပြည်အရေးပေမို့ မြန်မာပြည်သားတို့ အမျိုးသားရေး ကြိုးစားပေးရန် တာဝန်ရှိလာပြီဖြစ်သည်။

စာမျက်နှာ ၂သို့ » »





## (၂၇) ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ ပွဲစဉ်ဇယားများ

စာမျက်နှာ ၃ သို့ » »

## ပီတန်းအားကစားနည်းတွင် အနည်းဆုံး ရွှေတံဆိပ် သုံးခု ရအောင်ယူမည့် မြန်မာပီတန်း လက်ရွေးစင်အသင်း

စာမျက်နှာ ၃ သို့ » »





27th SEA GAMES MYANMAR 2013













## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ
## မြန်မာအားကစားသမားများ အစွမ်းကုန်ကဲ





အာရှနဂါး
Ph : 703790,09-861-9008
707062,09-861-7770


# “ကျေးဇူးတင်လွှာ”

စားသုံးသူ မိတ်ပြည်သူများ၏ တစ်ခဲနက် ဝယ်ယူအားပေးမှုကြောင့် မြန်မာနိုင်ငံ၏ သက်တမ်း အရင့်ဆုံး
သွားတိုက်ဆေး ကုမ္ပဏီဖြစ်သော MMRD ၏ (၂၀၁၃) ခုနှစ် စစ်တမ်းအရ ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ အကျော်ကြားဆုံး
နံပါတ်တစ် အမှတ်တံဆိပ် အဖြစ် ဆက်လက် တည်ရှိနေသဖြင့် စားသုံးသူ မိတ်ပြည်သူများအား
သွားတိုက်ဆေး မှ
ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။







စုပေါင်းပိုင်အဆောက်အအုံ
(CONDOMINIUM)
နိုဝင်ဘာလ (၁၅)ရက် ၂၀၁၃ ခုနှစ်မှ
ဒီဇင်ဘာလ (၁၅)ရက် ၂၀၁၃ခုနှစ်အတွင်း
ဝယ်ယူသူ မိတ်ဆွေများအတွက်
Discount + 22nd Payment Time
အထူးအစီအစဉ်ဆောင်ရွက်ထားပါသည်။
" Yangon's Premier Luxury No 1 Lifestyle"
Diamond
INYA
Palace
အင်းယားကန်အနီးမှအဆင့်မြင့်နန်းတော်
- Mark Petrovic (Design Director and Managing Director - French)
- Philippe Cardot (Senior Project Manager - French)
- Larry Park (Construction Manager - British)
- William Childress (Design Manager - American)
- Jeremy Sarawy (Project Director - French)
- Narit Chantrathama (Planning Manager - Thailand)
- Anthony Smith (Contract Manager - British)
MGW
MANDALAY GOLDEN WING
Construction Limited
Yangon Showroom
Fax 95 - 1 - 656850 e-mail diamondinya@myanmar.com.mm


PLAYGROUND


MINI MART


FITNESS CENTRE


BANQUET


LOBBY


RESTAURANT


27th SEA GAMES MYANMAR 2013
NAY PYI TAW
ပြည်သူ့အတွက်
SKY NET
Host Broadcast Partner
နှစ်ပေါင်း ၄၄ နှစ်အကြာတွင် မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ်ပြန်လည်လက်ခံကျင်းပခွင့် ရရှိခဲ့သည့်
၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး (27th SEA GAMES MYANMAR) ကို
SKY NET မှ ကြိုဆိုဂုဏ်ပြုသောအားဖြင့်
SKY NET
set top box များအား Special Promotion ဖြင့် ရောင်းချပေးမည့်အစီအစဉ်
SN-2 Package နှင့် SN-3 Package များအတွက်
မူလစက်တန်ဖိုး ကျပ် ၅၅,၀၀၀ အစား
၃-လ ဝယ်ယူကြည့်ရှုလိုပါက...အထူးလျှော့ဈေး ကျပ် ၃၀,၀၀၀
၆-လ ဝယ်ယူကြည့်ရှုလိုပါက...အထူးလျှော့ဈေး ကျပ် ၂၅,၀၀၀
တစ်နှစ်(၁၂လ) ဝယ်ယူကြည့်ရှုလိုပါက...အထူးလျှော့ဈေး ကျပ် ၂၀,၀၀၀ တို့ဖြင့်
ယင်း special promotion အစီအစဉ်မှာ ၁-၁၂-၂၀၁၃ မှ ၇-၁၂-၂၀၁၃ နေ့အထိဖြစ်ပြီး
မိမိတို့မြို့နယ်ရှိ SKY NET RSP (ဒေသဆိုင်ရာ စီးပွားဖက်) များထံတွင် ဆက်သွယ်
ဝယ်ယူနိုင်ပါကြောင်းအသိပေးအပ်ပါသည်။
CUSTOMER HOT LINE
01 9010101, 01 9010102,01 9010103, 01 9010104, 01 9010105,
01 9010220,01 9010221,01 9010222,01 9010223,01 9010224.
www.skynetdthmps.com